ကြေးမုံ
*The* **Mirror Daily**
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)

၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၈ ရက်၊ ကြာသပတေးနေ့။ Thursday, 14 March 2019 ၉၅၉၀

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ (အကြို)အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မတ် ၁၃

နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့(အကြို)အခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မိန့်ခွန်း ပြောကြားသည်။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နှစ်(၇၀)ပြည့် ပအိုဝ်းအမျိုးသားနေ့ (အကြို)အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်ဇနီး ဒေါ်နန့်ကြင်ကြည်၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ဒေသဦးစီးဥက္ကဋ္ဌများ၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဦးဆောင်နာယက၊ နေပြည်တော် ပအိုဝ်းအမျိုးသားနေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု(ဗဟို) ဥက္ကဋ္ဌ၊ ဒေသအသီးသီးမှ ပအိုဝ်းကိုယ်စားလှယ်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

**ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့၏ ပြည်ထောင်စုကြီး အခက်အခဲ တွေ့ကြုံချိန်တွင် ဝိုင်းဝန်းကူညီပေးခဲ့သည့် အစဉ်အလာရှိပါကြောင်း၊ ယင်းအစဉ်အလာကို မိမိတို့ ဘယ်တော့မှ မေ့မည်မဟုတ်ပါကြောင်း၊ အခက်အခဲတွေ့ဆုံချိန်တွင် မိမိတို့ဘက်က ရပ်တည်ပေးသည့် မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများသည် အမှန်တကယ်စစ်မှန်သည့် သွေးရင်းသားရင်းများဟု ပြောနိုင်**

အခမ်းအနား မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပအိုဝ်းတိုင်းရင်းသားများ၏ မှတ်တမ်းဓာတ်ပုံပြခန်းအား လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပင်လောင်းမြို့နယ် ယဉ်ကျေးမှုအဖွဲ့၏ "ခမ်းရင်သား"တေးသီချင်း ကပြဖျော်ဖြေမှုဖြင့် အခမ်းအနားကို

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



ကြေးမုံ

# သန္နိဋ္ဌာန်နှင့်အညီ ပန်းတိုင်သို့တက်လှမ်း

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုကို ဦးတည်၍ အသွင်ကူးပြောင်းတက်လှမ်းရာ၌ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ စစ်မှန်သော အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အားလုံးပါဝင်သော ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးမှု မြှင့်တင်ရေး၊ ဒီမိုကရေစီနည်းလမ်းကျသော အလေ့အထများထွန်းကားရေးနှင့် ကောင်းမွန်သည့် အုပ်ချုပ်မှုပုံစံရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် စိန်ခေါ်မှုအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသော်လည်း စိတ်မပျက်၊ အားမလျှော့ဘဲ သန္နိဋ္ဌာန်ချထားသည်နှင့်အညီ ရည်မှန်းချက်ပန်းတိုင်သို့ အားလုံးပါဝင်သည့် စုပေါင်းအင်အားဖြင့် အရောက်လှမ်းလျက်ရှိသည်။ အဓိကကြုံတွေ့နေရသော စိန်ခေါ်မှုများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ချောမွေ့စွာဖြင့် အဆင့်ဆင့်တက်လှမ်းနိုင်ရေးနှင့် အများပြည်သူ သိရှိပြီးဖြစ်သည့် ရခိုင်ပြည်နယ်အရေးကိစ္စများ ဖြေရှင်းရေးပင်ဖြစ်သည်။

အာဆာအကြမ်းဖက်သမားများ၏ ကြိုတင်အကွက်ချ တိုက်ခိုက်မှုများမှ စတင်ခဲ့သည့် နောက်ဆက်တွဲ အကျိုးဆက်များနှင့် ယိုယွင်းပျက်ပြားသွားသည့် အခြေအနေများကို ပြန်လည်တည့်မတ်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ နှစ်နှစ်ကျော်ကြိုးပမ်းအားထုတ်မှုများမှာ အရာထင်အကျိုးဖြစ်ထွန်းမှုများရှိလာချိန်တွင် မကြာသေးသည့်အချိန်က အေအေသောင်းကျန်းသူတို့က ရဲစခန်းများအား ဝင်ရောက်တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးစပြုနေသော ရခိုင်ပြည်နယ်၏အခြေအနေကို ရှုပ်ထွေးစေခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အခက်အခဲအမျိုးမျိုးရှိနေသော်လည်း နိုင်ငံတကာ၏အာရုံစိုက်ခြင်းခံခဲ့ရသည့် လူ့အခွင့်အရေးအခြေအနေများ ပိုမိုတိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့သည်။ လူ့အခွင့်အရေးနှင့် ပတ်သက်၍ အကြောင်းပြချက်တစ်ခုဖြစ်သည့် နေရပ်စွန့်ခွာသွားသူများ အရေးကို နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ နေရပ်ပြန်လာမည့်သူများကို စိစစ်လက်ခံရန် အဆင်သင့်ဖြစ်လျက်ရှိသည်။ နေရပ်ပြန်လာမည့်သူများအား သင့်တင့်လျောက်ပတ်သည့် ကောင်းမွန်သောပတ်ဝန်းကျင်တစ်ရပ် ဖန်တီးပေးနိုင်ရန် UNDP၊ UNHCR ကုလသမဂ္ဂ အဖွဲ့အစည်းများအပြင် အာဆီယံသာမက ဒေသတွင်းနိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အစိုးရနှင့်ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်တို့အကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နေပြည်တော်တွင် ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းစဉ်များဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကိုဖီအာနန်အကြံပေးကော်မရှင်၏ အကြံပြုချက်များ အကောင်အထည်ဖော်မှုအပါအဝင် ရခိုင်ပြည်နယ်ရှိ ပြည်သူများအားလုံး၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်တည်တံ့သည့် ဖြေရှင်းမှုများကို ရှာဖွေလုပ်ကိုင်သွားရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်သမျှအရေးကိစ္စတို့အပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ကိုင်တွယ်ဖြေရှင်းရန် စိတ်ဆန္ဒရှိပြီးဖြစ်သည့်အပြင် ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းလည်းရှိပေသည်။ ရခိုင်ပြည်နယ်အတွင်းရှိ လူ့အသိုက်အဝန်းအားလုံးတို့အပေါ်တွင် လူသားချင်းစာနာထောက်ထားစိတ်အပြည့်အဝဖြင့် ကာကွယ်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်သည်ဟု စွပ်စွဲချက်များနှင့် ပတ်သက်၍ ခိုင်လုံသောသက်သေအထောက်အထား ပြသနိုင်ပါက တာဝန်ယူမှု၊ တာဝန်ခံမှုအပိုင်းတွင် အစိုးရအနေဖြင့် အပြည့်အဝအာမခံ တာဝန်ယူဆောင်ရွက်ပေးနိုင်သည်။

ထို့ကြောင့် လူသားတို့ခံစားခွင့်ရှိသည့် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရာတွင် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုသည်သာ အရေးကြီးပြီး နိုင်ငံတစ်နိုင်ငံ၏ လူမှုရေးသဟဇာတဖြစ်မှုနှင့် စည်းလုံးညီညွတ်မှုကို ထိခိုက်စေသော တရားမျှတမှုမရှိသည့် ဘက်လိုက်သော မည်သည့်ပြုမူ၊ ပြောဆို၊ လုပ်ကိုင်မှုမျိုးကိုမဆို သတိပြုဆင်ခြင် ရှောင်ရှားရမည်ဖြစ်သည်။ ယင်းဆောင်ရွက်ချက်များကို လက်မခံဘဲ ပယ်ချရမည်သာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အများပြည်သူလိုလားသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာတွင် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးတို့ကို မယိမ်းမယိုင်တည့်မတ်ခိုင်မာစွာဆောက်တည်ပြီး ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိသည့်တိုင် စုပေါင်းအင်အားဖြင့် ဆက်လက်တက်လှမ်းသွားမည် ဖြစ်ပါကြောင်း။ ။

မြန်မာ့ယဉ်ကျေးမှုနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် ပူတာအိုခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပူတာအိုမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၁၈၊ ၁၉)ရက်၊ (တနင်္လာ၊ အင်္ဂါ)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဖုန်ကန်ရာဇိခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပူတာအိုမြို့

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၁၃**

ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကိုရီးယားနိုင်ငံ ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကိုရီးယားနိုင်ငံ Institute of Justice မှ Deputy President Mrs. Lee Young Joo နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**အတွေ့အကြုံများ ဖလှယ်**

တွေ့ဆုံစဉ် ဒီမိုကရေစီစနစ်ထွန်းကားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ဥပဒေမူဘောင်များ ပြဋ္ဌာန်းဆောင်ရွက်ရာတွင် အတွေ့အကြုံများ ဖလှယ်ရေး၊ ကိုရီးယားနိုင်ငံ ဥပဒေပြုရေးဝန်ကြီးဌာန KOICA နှင့် ပြည်ထောင်စု ရှေ့နေချုပ်ရုံးတို့ ပူးပေါင်း တည်ထောင်ထားသည့် မြန်မာဥပဒေသတင်း အချက်အလက်စနစ်ဖြင့် ဥပဒေအသိပညာပြန့်ပွားရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ နည်းပညာအသုံးပြု၍ ကျူးလွန်သည့် မှုခင်းများကို အရေးယူဆောင်ရွက်ရာတွင် ဥပဒေအရာရှိများ၏ လုပ်ငန်းကျွမ်းကျင်မှု မြင့်မားရေးအတွက် ဖွင့်လှစ် ပို့ချမည့်သင်တန်းအစီအစဉ်များ၊ နှစ်နိုင်ငံအကြား ဥပဒေဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် အများပြည်သူအား ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ကမ်းခြေသန့်ရှင်းသာယာလှပရေး စုပေါင်းဆောင်ရွက်

**ငပလီ မတ် ၁၃**

ငပလီမြို့ ကမ်းခြေသန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို ဂျိတ္တောရပ်ကွက်၌ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက လုံးသာချိုင်ကမ်းခြေတစ်လျှောက် စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါသန့်ရှင်းရေးပြုလုပ်ခြင်းကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် ငနီတူပြုတ်ခြောက်စက်ရုံမှ ဝန်ထမ်း ၆၀၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များစုပေါင်း၍ ကမ်းခြေတစ်လျှောက်ရှိ စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များ၊ ကြွပ်ကြွပ်အိတ်များကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ ကြပြီး အမှိုက်ထည့်ရန် အိတ်အလုံး ၁၀၀ ကို PVR Hotel မှလာရောက် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"နောက်လာမည့်အပတ်မှာလည်း သန့်ရှင်းရေးပြုလုပ်ဖို့ ကျောင်းသားကျောင်းသူအင်အား ၁၀၀ နဲ့ စုပေါင်းပြုလုပ်နိုင်ရေး ပြင်ဆင်ထားပါတယ်။ ရပ်ကွက်နေပြည်သူတွေ ပူးပေါင်းပါဝင် ဆောင်ရွက်လာစေဖို့နဲ့ အမှိုက်လျော့ပါးစေဖို့ ပုံမှန်အမှိုက်ကောက်တာတွေ၊ ရပ်ကွက်အတွင်း ပညာပေးတာတွေကိုလည်း ဆောင်ရွက်သွားမှာပါ"ဟု ဂျိတ္တောရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ထွန်းက ပြောသည်။ ရန်ငြိမ်း(ပြန်/ဆက်)

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မတ် ၁၃**

ရန်ကုန်(ရွှေဈေး) ၁၀၆၂၀၀၀ - ၁၀၆၂၀၀၀ မန္တလေး(ရွှေဈေး) ၁၀၆၂၀၀၀ - ၁၀၆၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၉၀/၉၆၅ ကျပ် | ၉၆၀/၉၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၀၀/၈၇၀ ကျပ် | ၈၉၀/၉၁၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၇၅ ကျပ် | ၈၀၅/၈၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၀/၉၇၅ ကျပ် | ၉၇၅/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၅/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၅/၉၂၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၇ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၁.၅ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၈.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၆.၇၁ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၈.၁၃၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၇၂.၁၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၈၇၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၆.၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၄.၃၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၄.၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၂.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ပအိုဝ်းတိုင်းရင်းသားများက အမှတ်တရလက်ဆောင်ပေးအပ်စဉ်။

☆ ရှေ့ဖုံးမှ

စတင်ဖွင့်လှစ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် ပအိုဝ်းအမျိုးသားနေ့(အကြို) အခမ်းအနားကို တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် အတူ တက်ရောက်နိုင်သည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ပအိုဝ်းမင်းကြီး သူရိယစန္ဒာ၏မွေးနေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် သတ်မှတ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ကချင်ပြည်နယ်နေ့အခမ်းအနားတွင် အုပ်ချုပ်သူများ၊ ခေါင်းဆောင်လုပ်သူများကို နေလိုလလိုကျင့်ကြံရမည်ဟု ပြောကြားခဲ့ပါကြောင်း၊ သူရိယစန္ဒာဆိုသည်မှာ နေလဖြစ်ပါကြောင်း၊ နေနှင့်လနှင့်တူသည့် မင်းကြီးဆိုသည်မှာ အင်မတန်မှကောင်းသည့် စိတ်ထား၊ အမြင်ဖြစ်ပါကြောင်း၊ နေလိုလလိုဆိုသည်မှာ သူ့အချိန်နှင့် သူ့အခါနှင့် မှန်မှန်ကန်ကန် လုပ်ဆောင်ရန်လိုသည်ဟု ပြောခြင်းဖြစ်ပါကြောင်း၊ နေသည် ညတွင်ထွက်၍ မသင့်တော်ပါကြောင်း၊ လသည် နေ့တွင်ထွက်ပါက သူ၏အလင်းရောင်သည် ထင်ရှားမည်မဟုတ်ပါကြောင်း၊ နေသည် နေ့ရောညပါ သာနေမည်ဆိုပါက ကမ္ဘာကြီးက ခံနိုင်မည် မဟုတ်ပါကြောင်း၊ ထို့ကြောင့် သူ့အချိန် သူ့အခါနှင့်လိုက်အောင် နေရမည်ဖြစ်ပါကြောင်း၊ သူရသတ္တိနှင့်ပြည့်စုံသင့်သည့် အခါတွင် ပြည့်စုံရမည်၊ လမင်းကြီးကဲ့သို့ ယဉ်ကျေးသိမ်မွေ့ပြီး ကရုဏာထားရမည့်အချိန်တွင် ကရုဏာထားရမည် ဖြစ်ပါကြောင်း၊ ယင်းမှာ ခေါင်းဆောင်လုပ်သူများ၊ အုပ်ချုပ်သူများအားလုံး နှလုံးသွင်းရမည့် ထုံးဖြစ်ပါကြောင်း၊ မိမိတို့၏ ပအိုဝ်းညီအစ်ကို မောင်နှမများသည် သူရိယစန္ဒာမင်းကြီးကို စံနမူနာထားရမည့် မင်းတစ်ပါးအနေဖြင့် မြင်ခြင်းသည် မိမိတို့ပြည်ထောင်စုအတွက် အင်မတန်မှ ကောင်းသည့် အစဉ်အလာဖြစ်ပါကြောင်း။

**စည်းလုံးမှအင်အားဖြစ်မည်**

သီချင်းထဲတွင်လည်း တို့စည်းလုံးမှ အင်အားဖြစ်မည်ဟု သီဆိုသွားသည်ကို ကြားလိုက်ပါကြောင်း၊ စည်းလုံးမှ အင်အားဖြစ်မည်ဆိုသည်မှာ အမှန်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုဖြစ်ပါကြောင်း၊ ပြည်ထောင်စုဆိုသည့် ဝေါဟာရသည် အင်မတန်မှ လှပသည့် ဝေါဟာရဖြစ်ပါကြောင်း၊ စုပေါင်းပြီးထူထောင်ထားသည့် တိုင်းပြည်ကြီးဟု အဓိပ္ပာယ်ရပါကြောင်း၊ စုပေါင်းပြီး ထူထောင်ထားသည့် တိုင်းပြည်သည် ညီညွတ်မှုကို အခြေခံပါကြောင်း၊ ညီညွတ်မှု၏အရင်းခံမှာ မေတ္တာနှင့်သစ္စာ ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး မေတ္တာထားနိုင်မှ တစ်ဦးအပေါ်တစ်ဦး သစ္စာစောင့်နိုင်မှသာ မိမိတို့ ညီညွတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ ပြည်ထောင်စုကို သစ္စာတရားနှင့် မေတ္တာတရားကိုအခြေခံပြီး ထူထောင်ရမည့် နိုင်ငံကြီးဟု အဓိပ္ပာယ်ပေါက်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများနှင့် အားလုံးအတူတကွစုပေါင်းပြီး တွေ့ဆုံရသည့်အခါတွင် ထိုစိတ်မျိုးရှင်သန်နေသည်ကို သိရသည့်အတွက် ဝမ်းသာမိပါကြောင်း။

မိမိတို့နိုင်ငံသည် စိန်ခေါ်မှုအမျိုးမျိုးဖြင့် ရင်ဆိုင်နေရပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများစာရင်းထဲတွင် မပါသေးပါကြောင်း၊ သို့သော်လည်း မလျှော့သော ဇွဲလုံ့လဖြင့် မိမိတို့၏ နိုင်ငံသူနိုင်ငံသားများအားလုံး စိတ်၏လုံခြုံခြင်း၊ ကိုယ်၏လုံခြုံခြင်းရှိနိုင်မည့် ပြည်ထောင်စုကြီးကို ထူထောင်ရန် ကြိုးပမ်းနေပါကြောင်း၊ ထိုသို့ ကြိုးပမ်းရာတွင် မိမိတို့၏တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ပါဝင်လာကြမည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့၏ ပြည်ထောင်စုကြီး အခက်အခဲ တွေ့ကြုံချိန်တွင် ဝိုင်းဝန်းကူညီပေးခဲ့သည့် အစဉ်အလာရှိပါကြောင်း၊ ယင်းအစဉ်အလာကို မိမိတို့ ဘယ်တော့မှ မေ့မည်မဟုတ်ပါကြောင်း၊ အခက်အခဲတွေ့ဆုံချိန်တွင် မိမိတို့ဘက်က ရပ်တည်ပေးသည့် မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများသည် အမှန်တကယ်စစ်မှန်သည့် သွေးရင်းသားရင်းများဟု ပြောနိုင်ပါကြောင်း၊ သွေးရင်းသားရင်းဆိုသည်မှာ သွေးတော်မှ သွေးရင်းသားရင်း မဟုတ်ပါကြောင်း၊ စိတ်တူသဘောတူဖြင့် သစ္စာမေတ္တာကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားသူများသည် မိမိတို့၏ သွေးရင်းသားရင်းများပင်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအခက်အခဲဖြစ်နေချိန် မိမိတို့၏ လွတ်လပ်ရေးရခါစကာလတွင် အမျိုးမျိုးသော စိန်ခေါ်မှုများ၊ အန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ရပါကြောင်း၊ ထိုအချိန်မျိုးတွင် ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့နှင့်အတူလက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်ပေးခဲ့ပါကြောင်း၊ နောက်ပိုင်းတွင်လည်း အကြောင်းကြောင်းကြောင့် စိတ်ဝမ်းကွဲမှုရှိသော်လည်း ပအိုဝ်းတိုင်းရင်းသားများသည် မိမိတို့နှင့်အတူတူ ငြိမ်းချမ်းရေးလမ်းကို အတူလျှောက်နေသည်ကို တွေ့ရပါကြောင်း၊ အင်မတန်ဝမ်းသာပါကြောင်း၊ မိမိတို့နိုင်ငံအတွက် အင်မတန်ကောင်းသည့် နိမိတ်၊ မျှော်လင့်ချက်ဖြစ်ပါကြောင်း၊ ခိုင်မာသည့်စိတ်ဓာတ်များကိုလည်း ဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံကိုထူထောင်ရန် အားလုံးလိုအပ်ပါကြောင်း။

**ပြည်သူများကသာအဓိကဖြစ်**

အားလုံးတညီတညွတ်တည်း ညီညီညာညာ အေးအေးဆေးဆေး ပျော်ပျော်ရွှင်ရွှင် ရပ်တည်ခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သိက္ခာ၊ နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှုအင်အားဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အရေးကြီးသည့်နေ့များ၊ နေ့ကြီးရက်ကြီးများတွင် အတူတူစုရုံးနိုင်ခြင်းသည် အရေးကြီးရင် သွေးစည်းမည်ဆိုသည့် အဓိပ္ပာယ်ပေါက်ပါကြောင်း၊ မည်သူ့အတွက်ဖြစ်ဖြစ် အရေးကြီးရင် အားလုံးအတွက် အရေးကြီးရမည်ဖြစ်ပါကြောင်း၊ တစ်ယောက်အတွက် အရေးကြီးပြီး အခြားတစ်ယောက်အတွက် အရေးမပါဘူးဆိုသည့် စိတ်ဓာတ်မျိုးမထားရန် လိုအပ်ပါကြောင်း၊ အားလုံးအတူတူရုန်းမှ အတူတူအောင်မြင်မည်၊ အတူတူအောင်မြင်မှ အတူတူဖွံ့ဖြိုးမည်၊ အတူတူဖွံ့ဖြိုးမှ အတူတူတိုးတက်နိုင်မည်ဆိုသည့် စိတ်ဓာတ်မျိုးမွေးမြူကြရန် အင်မတန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအဖြစ် တည်ထောင်ရန် ကြိုးစားနေပါကြောင်း၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသည် ပြည်သူလူထုကို အခြေခံသည့် နိုင်ငံတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ စွမ်းအားများ၊ စိတ်နေစိတ်ထားများသည် အဓိကဖြစ်ပါကြောင်း၊ ဒီမိုကရေစီ မဟုတ်သည့်နိုင်ငံများတွင် အစိုးရက အဓိကဆိုသော်လည်း ဒီမိုကရေစီနိုင်ငံများတွင် အစိုးရကို တင်မြှောက်ထားသည့် ပြည်သူများကသာ အဓိကဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အစွမ်းအစ၊ သတ္တိနှင့် မှန်ကန်မှုသည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ယင်းအဓိကလိုအပ်ချက်ကို ရယူနိုင်ရန်အတွက်၊ ဖြည့်ဆည်းပေးနိုင်ရန်အတွက် အားလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပါက မုချမသွေ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်ရန်ကြိုးစားသည့်အခါတွင် ပြည်ထောင်စုသားများအားလုံး ပြည့်ပြည့်ဝဝ အခွင့်အရေးများရရန် ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ အခွင့်အရေးနှင့်အတူ တာဝန်၊ ဝတ္တရားများပါလာသည်ကို မမေ့သင့်ပါကြောင်း၊ ပအိုဝ်းတိုင်းရင်းသားများသည် ပြည်ထောင်စုအပေါ်တွင် တာဝန်သိပါကြောင်း၊ ပြည်ထောင်စုကြီးခိုင်မာရန်အတွက် ပါဝင်လုပ်ဆောင်ပေးကြမည်ကို မိမိတစ်ထစ်ချယုံကြပါကြောင်း။




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ ပအိုဝ်းအကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

စာမျက်နှာ ၄ သို့ »»

»»» စာမျက်နှာ ၃ မှ

မိမိတို့နိုင်ငံသည် ငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းနေပါကြောင်း၊ ငြိမ်းချမ်းရေးလမ်းသည် အမြဲတမ်း ဖြောင့်ဖြူးနေခြင်း မဟုတ်ပါကြောင်း၊ အကြောင်းကြောင်းကြောင့် ငြိမ်းချမ်းရေးပျက်ပြားခဲ့ရပါကြောင်း၊ ပျက်ပြားသွားသည့် ငြိမ်းချမ်းရေးကို ပြန်လည်တည်ဆောက်ရန် မိမိတို့အားလုံး ကာ၊ ဉာဏ်၊ ဝီရိယနှင့် အတူတူလျှောက်လှမ်းသွားမည်ဆိုပါက ငြိမ်းချမ်းရေးလမ်းကြီး မည်မျှပင် ရှည်ပါစေ၊ မည်မျှပင် ခက်ခဲပါစေ မိမိတို့လိုချင်သည့် ပန်းတိုင်ကို မုချမသွေ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးသည် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရန်အတွက်၊ ပြည်ထောင်စုသားများအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရှိနိုင်ရန်အတွက်၊ နောင်လာမည့် မျိုးဆက်များအားလုံး ငါတို့သည် ပြည်ထောင်စု၏ သားသမီးများဖြစ်သည်ဆိုသည့်အချက်ကို ဂုဏ်ယူနိုင်ရန် ဝိုင်းဝန်းကြိုးစားကြရန် တိုက်တွန်းပါကြောင်း။

မိမိတို့၏ ပအိုဝ်းတိုင်းရင်းသားများသည် ပြည်ထောင်စုအတွက် စံနမူနာဖြစ်သည့် ပြည်ထောင်စုသားများဖြစ်ပါစေ၊ ပအိုဝ်းတိုင်းရင်းသားများသည် ပြည်ထောင်စုကြီး ခိုင်မာရန်အတွက်၊ တိုးတက်ရန်အတွက်၊ အေးချမ်းရန်အတွက် ရှေ့တန်းကနေ ဦးဆောင်ပေးသည့် တိုင်းရင်းသားများဖြစ်ပါစေ၊ ပအိုဝ်းတိုင်းရင်းသားများသည် နှစ်ပေါင်းများစွာ တစ်နှစ်ပြီးတစ်နှစ် မိမိတို့၏ ပအိုဝ်းတိုင်းရင်းသားနေ့ကို ဂုဏ်ယူစွာ၊ ရွှင်လန်းစွာ၊ အင်မတန်မှ ပြည့်ဝသည့် နှလုံးသားများဖြင့် ဆင်နွှဲနိုင်ကြပါစေကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင်များ၊ ပအိုဝ်းအကြီးအကဲများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယခုနှစ် ပအိုဝ်းအမျိုးသားနေ့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နေရာဒေသအသီးသီးတွင် ပျံ့နှံ့စွာနေထိုင်ကြသော ပအိုဝ်းတိုင်းရင်းသားများ ဆုံစည်းခွင့်ရရှိစေရန်၊ မိမိတို့တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ စာပေနှင့်သမိုင်း အမွေအနှစ်များကို ဖော်ထုတ်မြှင့်တင်ပြီး တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်မှုရရှိစေရန်၊ ပအိုဝ်းတိုင်းရင်းသားများသည် အခြားညီနောင်တိုင်းရင်းသားများနှင့်အတူ စည်းလုံးညီညွတ်မှုဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်နိုင်ရေးကို ဦးတည်စေရန် စသည့် ရည်ရွယ်ချက် သုံးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဩစတြေးလျ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျသံအမတ်ကြီး H.E. Ms. Andrea Faulkner နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် ကော်မရှင်ဖွဲ့စည်းမှုနှင့် အဖွဲ့ဝင်များ ထပ်မံခန့်ထားမှု၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ မဲစာရင်းပြုစုရေးအတွက် ဆောင်ရွက်နေမှု၊ ကျား၊မ တန်းတူညီမျှရေးအတွက် ဆောင်ရွက်နေမှု၊ လွှတ်တော်ရွေးကောက်ပွဲဥပဒေများ ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အချိန်ဇယားနှင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များ ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ထားရှိမှုတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်

**နေပြည်တော် မတ် ၁၃**
အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် မတ် ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် (၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မတ် ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကို မတ် ၁၂ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့ နိုင်ငံတော်ဧည့်ဂေဟာတွင် ကျင်းပရာ အစည်းအဝေး၌ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဘင်မင်းတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့သည်။




(၉)ကြိမ်မြောက် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေး ကျင်းပစဉ်။

**ဆက်ဆံမှုမြှင့်တင်**

အစည်းအဝေးတွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ဘက်စုံပူးပေါင်းဆောင်ရွက်မှု ဆက်ဆံရေးဖော်ဆောင်ရန် လက်တွေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးကိစ္စ၊ အထူးသဖြင့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ငွေကြေးနှင့် ဘဏ်လုပ်ငန်း၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် သစ်တောကဏ္ဍ၊ သယ်ယူပို့ဆောင်ရေး၊ ဥပဒေရေးရာပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေးနှင့် လေ့ကျင့်သင်ကြားရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ၊ အလုပ်သမား၊ ကျန်းမာရေး၊ သဘာဝသယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှု၊ အားကစား၊ ခရီးသွားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စနှင့် ပြည်သူအချင်းချင်းအကြား အပြန်အလှန် ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာ-ဗီယက်နမ် သံတမန်ဆက်သွယ်မှု(၄၅)နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးကဏ္ဍတွင် ၂၀၁၉ ခုနှစ် ဧပြီလတွင် ကျင်းပမည့် Vietnam Expo နှင့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ဗီယက်နမ်နိုင်ငံတကာ အစားအသောက်ပြပွဲ Food Expo တို့တွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များ ပါဝင်ပြသရေးအတွက် အားပေးတိုက်တွန်းရေးကိစ္စ၊ အာဆီယံ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ အေဆမ်၊ မဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေး ယန္တရားများစသည့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် အပြန်အလှန် အကူအညီပေးရေးကိစ္စ၊ ဗီယက်နမ်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရာတွင် နီးကပ်စွာ ညှိနှိုင်းဆောင်ရွက်သွားရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးအပြီးတွင် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှစ်ဦးက ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူဆွေးနွေးချက်မှတ်တမ်းအား လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပူးတွဲကော်မရှင်အစည်းအဝေးမတိုင်မီ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို မတ် ၁၁ ရက်က ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှ-တောင်အာရှ-တောင်ပစိဖိတ်ရေးရာဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ငုယင်သက်ထန်းတို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့သည်။

မတ် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဘင်မင်းက မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် ဧည့်ဂေဟာတွင် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ညနေ ၅ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်ဖုအား ဝန်ကြီးချုပ်ရုံးတွင် သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားလုပ်ငန်းကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏကို ၂၀၂၀ ပြည့်နှစ် ရည်မှန်းချက်ဖြစ်သည့် အမေရိကန်ဒေါ်လာသန်း ၁၀၀၀ ကျော်လွန်လာစေရေးကိစ္စရပ်များ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန်အထောက်အကူပြုရေးနှင့် နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်လည်ပတ်မှု ပိုမိုမြှင့်တင်ခြင်းဖြင့် ချစ်ကြည်ရေး ပိုမိုကျစ်လျစ်ခိုင်မာစေရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

# မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**လေးမျက်နှာ မတ် ၁၃**
ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၏ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီက လေးမျက်နှာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လေးမျက်နှာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါ်ကြင်ဌေးက မဲဆန္ဒရှင်စာရင်းနှင့်စပ်လျဉ်းပြီး ပြုစုရမည့်ပုံစံများ၊ ကောက်ယူရမည့်ပုံစံများ၊ အချက်အလက်များနှင့် Excel ဖြင့် စာရင်းရေးသွင်းခြင်းတို့ကို လေ့ကျင့်သင်ကြားပေးမည့် သင်တန်းဖြစ်သည့်အတွက် အလွန်အရေးကြီးကြောင်း ပြောကြားသည်။ သင်တန်းကို မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **လေးမျက်နှာ (မြန်/ဆက်)**

# ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၁၃**

၂၀၁၈ ခုနှစ်အတွင်း ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် အတက်ကြွဆုံးလှုပ်ရှားပါဝင်ခဲ့သည့် ခရိုင်၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစား(B)ရုံ၌ ကျင်းပသည်။



**အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် “ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး” ဆောင်ပုဒ်နှင့်အညီ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြည်သူများ အားကစားလှုပ်ရှားမှုကို စိတ်ပါဝင်စားစွာ ပါဝင်လှုပ်ရှားကြရေးအတွက် လူထုပညာပေးစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပြည်သူများ အားကစားလေ့ကျင့်မှု အထောက်အကူပစ္စည်းကိရိယာများကို လက်လှမ်းမီရေးအတွက် ဖြည့်ဆည်းပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရာတွင် ပိုမိုအကျိုးရှိရန်နှင့် အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုများ ပိုမိုရရှိရန်အတွက် အထူးအရေးကြီးသော အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းများကိုလည်း မဟာဗျူဟာများနှင့် စီမံချက်များချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဓာတ်ပုံပြိုင်ပွဲ၊ ဝတ္ထုတိုပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ၊ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများတွင် အတက်ကြွဆုံး ပါဝင်လှုပ်ရှားခဲ့သည့် မြို့နယ်များ၊ ခရိုင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဆုများပေးအပ်ကြပြီး မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်သို့ ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

**ဆုများပေးအပ်**

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုများတွင် အတက်ကြွဆုံး ပါဝင်လှုပ်ရှားခဲ့သည့် တတိယဆုရ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရ ပဲခူးတိုင်းဒေသကြီး၊ ပထမဆုရ ကယားပြည်နယ်နှင့် ၂၀၁၈ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုအမြင့်မားဆုံးဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးအား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ပြီး ဆုရဓာတ်ပုံ၊ ဝတ္ထုတို၊ ကဗျာ၊ ဆောင်းပါးများနှင့် လူထုအားကစားလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**

# ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး ဒုတိယအဆင့် ဆက်လက်ဆောင်ရွက်မည်

**နေပြည်တော် မတ် ၁၃**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သည့် Public Expenditure and Financial Accountability(PEFA) Assessment Launch အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hilton Hotel ၌ ကျင်းပသည်။

**အထောက်အကူပြုနိုင်ခဲ့**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်း၍ အစိုးရအသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ယူမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အကဲဖြတ်သုံးသပ်ခြင်းကို ၂၀၁၂ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် မေလတွင် Public Financial Management Performance Report ကို ထုတ်ဝေနိုင်ခဲ့ကြောင်း၊ အဆိုပါ PEFA Assessment သည် နိုင်ငံတော်၏ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ခဲ့ကြောင်း၊ ယခုကမ္ဘာ့ဘဏ်၏ PEFA မစ်ရှင်အဖွဲ့မှ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်း၍ ဒုတိယအကြိမ် အစိုးရအသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ယူမှုဆိုင်ရာ အကဲဖြတ်သုံးသပ်မှုကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယနေ့အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ဆက်လက်ဆောင်ရွက်မည်ဖြစ်**

မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်နှင့် အခြားဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့်ပူးပေါင်း၍ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကို စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပထမအဆင့်သည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ပြီးဆုံးမည်ဖြစ်ပြီး စီမံကိန်းဒုတိယအဆင့်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီမံကိန်းမှရရှိသည့် အကျိုးကျေးဇူးမှာ ပြည်သူတို့၏ ဘဏ္ဍာငွေများဖြစ်သော ရငွေများတိုးတက်ရရှိရေး၊ အသုံးစရိတ်များကို အကျိုးရှိရှိ ထိရောက်စွာသုံးစွဲရေး၊ စီမံကိန်းနှင့် ဘတ်ဂျက်ဆိုင်ရာ စွမ်းဆောင်ရည်များတိုးမြှင့်ရေးတို့ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ
# ပုလဲအတွဲ စုစုပေါင်း ၂၆၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့

**နေပြည်တော် မတ် ၁၃**

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပခဲ့ရာ ပုလဲအတွဲစုစုပေါင်း ၂၆၉ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့ပြပွဲတွင် ပုလဲအတွဲပေါင်း ၉၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ပုလဲအတွဲ ၉၁ တွဲကို ယူရိုငွေ ၄၈၉၆၃၁ ဖြင့် ရောင်းချနိုင်ခဲ့ကြောင်း၊ ထိုသို့ရောင်းချရာတွင် နိုင်ငံတော်ပိုင် ပုလဲအတွဲ ၆၆ တွဲ တင်ပြခဲ့ရာ ပုလဲအတွဲ ၆၆ တွဲကို ယူရိုငွေ ၃၅၅၇၃၉ ဖြင့်လည်းကောင်း၊ ကုမ္ပဏီပိုင် ပုလဲအတွဲ ၂၆ တွဲ တင်ပြခဲ့ရာ ပုလဲအတွဲ ၂၅ တွဲကို ယူရိုငွေ ၁၃၃၈၉၂ ဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



ထို့အတူ ယမန်နေ့က ပုလဲအတွဲပေါင်း ၁၈၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ပုလဲအတွဲ ၁၇၈ တွဲကို ယူရိုငွေ ၁ ဒသမ ၀၂၉ သန်းဖြင့် ရောင်းချနိုင်ခဲ့ကြောင်း၊ ရောင်းချရာတွင် နိုင်ငံတော်ပိုင် ပုလဲအတွဲ ၁၃၂ တွဲ တင်ပြခဲ့ရာ ပုလဲအတွဲ ၁၃၂ တွဲကို ယူရိုငွေ ၇၁၉၇၉၄ ဖြင့်လည်းကောင်း၊ ကုမ္ပဏီပိုင် ပုလဲအတွဲ ၅၀ တင်ပြခဲ့ရာ ၄၆ တွဲကို ယူရိုငွေ ၃၀၉၄၂၂ ဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့သဖြင့် ယနေ့အထိ ပုလဲအတွဲ စုစုပေါင်း ၂၇၄ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် တင်ပြခဲ့ရာ ပုလဲအတွဲ ၂၆၉ တွဲကို ယူရိုငွေ ၁၅၁၈၄၄၇ ဖြင့် ရောင်းချနိုင်ခဲ့သည်။

**ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များ**

မြန်မာ့ကျောက်မျက်ရတနာပြပွဲများတွင် ရောင်းချပေးလျက်ရှိသည့် တောင်ပင်လယ်ပုလဲသည် ကမ္ဘာ့ပုလဲဈေးကွက်တွင် အရှားပါးဆုံးနှင့် တန်ဖိုးအရှိဆုံးဖြစ်ပြီး ရွှေရောင်နှင့် ငွေရောင်ရှိသည့်အနက် မြန်မာနိုင်ငံက ထွက်ရှိသည့် ရွှေရောင်ပုလဲသည် အရည်အသွေးကောင်းရုံသာမက ရေရှည်ခိုင်မာသည့်အတွက် ကမ္ဘာ့ဈေးကွက်တွင် လူကြိုက်များကြောင်း သိရသည်။

(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး မတ် ၁၄ ရက်တွင် ကျောက်မျက်အတွဲ ၅၀၀ ကိုလည်းကောင်း၊ မတ် ၁၅ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၂၀၀ အထိလည်းကောင်း၊ မတ် ၁၆ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၁၂၀၁ မှ ၂၄၀၀ အထိလည်းကောင်း၊ မတ် ၁၇ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၂၄၀၁ မှ ၃၆၀၀ အထိလည်းကောင်း၊ မတ် ၁၈ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၃၆၀၁ မှ ၄၈၀၀ အထိလည်းကောင်း၊ မတ် ၁၉ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၄၈၀၁ မှ ၆၀၀၀ အထိလည်းကောင်း၊ မတ် ၂၀ ရက်တွင် ကျောက်စိမ်းအတွဲ အမှတ် ၆၀၀၁ မှ ၆၉၇၃ အထိလည်းကောင်း ခင်းကျင်းပြသ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ ထိုင်း၊ ဩစတြေးလျ၊ အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့မှ ပြည်ပရတနာကုန်သည် စုစုပေါင်း ၂၈၉၁ ဦးနှင့် ပြည်တွင်းရတနာကုန်သည် ၁၅၃၁ ဦး စုစုပေါင်းရတနာကုန်သည် ၄၄၂၂ ဦး တက်ရောက်ရန် မှတ်ပုံတင်ထားပြီး ယနေ့ပြပွဲသို့ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်အများအပြား တက်ရောက်ကြသည်။

**သတင်း- မော်စီ၊ ဓာတ်ပုံ- အေးသန်း**

# မူးယစ်ဆေးဝါး — မှုခင်းကျဆင်းရေး မဟာဗျူဟာများနှင့် နည်းဗျူဟာများ စတင်ဆောင်ရွက်နေပြီဖြစ်

**နေပြည်တော် မတ် ၁၃**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့တွင် မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို မှတ်တမ်းတင် စောင့်ကြည့်မည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း၏ **ပြည်ကြီးတံခွန်မြို့နယ်အတွင်း စီမံကိန်းအကောင်အထည်မပေါ်သောမြေတွင် လျော်ကြေးမရရှိသော မူလပိုင်ရှင်များ နေထိုင်နေခြင်းအပေါ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ မြို့နယ်မှစိစစ်ဆဲနှင့် နိုင်ငံတော်သမ္မတရုံးမှ တင်ပြစာနှင့်ပတ်သက်၍ လိုအပ်သလို ဆက်လက်စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းကြားစာရောက်သည့်နေ့တွင် ဈေးနှင့်သားသတ်ဌာန စည်ပင်ကော်မတီမှ မူလပိုင်ရှင်မိသားစုများအား အတင်းအဓမ္မဖယ်ရှားခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ ကုစားပေးမည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက်ကွင်းအမှတ်(ညည-၃၆)မြေကွက် ၅၅လမ်းနှင့် ၅၆ လမ်းကြား မင်းကြီးရန်နောင်လမ်းနှင့် ပရန်တော်ချောင်းဘေးအကြားရှိ ၂ ဒသမ ၉၇၅၂ ဧကသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်ရန်ကျော်ဈေးဧရိယာအဖြစ် သတ်မှတ်ထားသော မြေနေရာဖြစ်ပါကြောင်း။

ပြည်ရန်ကျော်ဈေးနယ်နိမိတ်တွင် ၂၀၀၂ ခုနှစ်က ယနေ့အထိ ဈေးအဖြစ် တရားဝင်ဖွင့်လှစ်ရောင်းချနေသော နေရာဖြစ်ခြင်း၊ ဈေးနယ်နိမိတ်အတွင်း ကျူးကျော်မှုအား တရားရုံး၏ အဆုံးအဖြတ်ရယူ၍ မန္တလေးမြို့တော်စည်ပင်သာယာ ဥပဒေများနှင့်အညီ ကျူးကျော်နေထိုင်မှုအား အကြောင်းကြားခြင်း၊ ထပ်ဆင့်အကြောင်းကြားခြင်း၊ နို့တစ်စာပေးဝေခြင်းများ ဆောင်ရွက်ပြီးမှသာ ခွင့်ပြုချက်ရယူ၍ စနစ်တကျရှင်းလင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ရှင်းလင်းရာတွင်လည်း ပစ္စည်းများပို့ဆောင်မည့်နေရာကို မေးမြန်းခြင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အငှားအိမ်ရာသို့ ပို့ဆောင်နေထိုင်ရန် စီစဉ်သော်လည်း ကျူးကျော်နေထိုင်သူ သုံးဦးသည် လက်ခံမှုမရှိသဖြင့် ကျူးကျော်နေထိုင်သူများဆန္ဒနှင့်အညီ သတ်မှတ်နေရာတွင် ပစ္စည်းများရွှေ့ပြောင်းပေးခြင်းသာ ဖြစ်ပါကြောင်း၊ အတင်းအဓမ္မဖယ်ရှားရှင်းလင်းခြင်းမဟုတ်ဘဲ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ

သဃ်ာန်းကျွန်း မဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်း၏ **သဃ်ာန်းကျွန်းမြို့နယ်အတွင်းမှ ကျူးကျော်စာရင်းတွင်လည်းမပါ၊ တရားဝင်မြေငှားဂရန်လည်းမရှိဘဲ နိုင်ငံတော်ပိုင်မြေပေါ်တွင် အခိုင်အမာတည်ဆောက်ထားသော နေအိမ်အဆောက်အအုံများကို အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက သဃ်ာန်းကျွန်းမြို့နယ် ၉၀န ရပ်ကွက် သရက်တောလမ်းနှင့် ကျောင်းလမ်းကြားရှိ အခိုင်အမာ အဆောက်အအုံ ခုနစ်လုံးမှာ ယခင်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီမှ ရပ်ကွက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ငှားရမ်းခဲ့သော်လည်း ၂၀၁၅ ခုနှစ်မှစ၍ ရပ်ကွက်ရန်ပုံငွေ ကောက်ခံခြင်းမရှိတော့ဘဲ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အစိုးရမြေပေါ်တွင် ကျူးကျော်နေထိုင်သူများ စာရင်းကောက်ယူခဲ့သည့်အချိန်တွင် အဆောက်အအုံငါးလုံးသည် Smart Card ထုတ်ယူခဲ့ပြီး ကျန်နှစ်လုံးမှာ ထုတ်ယူခြင်းမရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ Smart Card ထုတ်ယူခြင်းမရှိသည့် နှစ်ဦးအနက် တစ်ဦးမှာ အဆောက်အအုံအား ခွင့်ပြုချက်မဲ့ ဆောက်လုပ်ခဲ့သောကြောင့် လုပ်ငန်းဆောင်ရွက်သူအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တရားစွဲဆိုအရေးယူထားသော အဆောက်အအုံဖြစ်ပါကြောင်း၊ ကျန်အဆောက်အအုံတစ်လုံးမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စိစစ်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၊ ပူတာအိုမဲဆန္ဒနယ် မှ ဦးမိုးရွှေ၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်းနှင့် မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦးတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာန ဗိုလ်ချုပ်မြင့်နွယ်နှင့် နေပြည်တော်ကောင်စီဝင် ဦးညီထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှု ဘဝဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ တင်သွင်းသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးဝေလှိုင်ထွန်းက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ရန် တင်ပြသည့်အချက် ၅၉ ချက်ကို လွှတ်တော်က အတည်ပြုပေးပါရန်တင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုရန် လွှတ်တော်၏ ဆန္ဒရယူရာ သဘောမတူသူမရှိသည့်အတွက် လွှတ်တော်မှ အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းသည့် **မြို့ပြများတွင် တရားဥပဒေစိုးမိုးပြီး ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံမှုရှိစေရန် ရာဇဝတ်မှုများ ဖြစ်ပေါ်နေမှုကို ကာကွယ်တားဆီးနိုင်ရန်အတွက် ဦးစားပေးအဆင့်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက လက်ရှိအစိုးရကာလတွင် တရားဥပဒေစိုးမိုးမှုနှင့်ပတ်သက်သည့် ဥပဒေအချို့ကို ပယ်ဖျက်ခဲ့ပြီး ဥပဒေအသစ်လည်း ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရပါကြောင်း၊ ပယ်ဖျက်လိုက်သည့် ဥပဒေများထဲတွင် နိုင်ငံတော်အာဏာကို နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်ကာကွယ်တားဆီးရေးဥပဒေ၊ အရေးပေါ်စီမံမှုဥပဒေ၊ ဧည့်စာရင်းစစ်ဆေးရေးဥပဒေတို့သည် တရားဥပဒေစိုးမိုးရေးအတွက် အဓိကထိန်းကျောင်းထားသည့် ဥပဒေများဖြစ်ပါကြောင်း၊ ဥပဒေဖျက်သိမ်းခြင်းသည် ရာဇဝတ်မှုခင်းများကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်ပြီး အချုပ်အခြာအာဏာ တည်တံ့ရေးအတွက်လည်း အန္တရာယ်ရှိကြောင်းကို တွေ့မြင်ရပါကြောင်း၊ ဖျက်သိမ်းလိုက်သည့် ဥပဒေများကို ပြန်လည်သုံးသပ်ပြီး ပြည်သူလူထုကို ကာကွယ်ပေးနိုင်သည့် အမျိုးသားလုံခြုံရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းဆောင်ရွက်ရန်လည်း အကြံပြုလိုပါကြောင်း။

ဥပဒေများကို ဖျက်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းသည် ဥပဒေပြုလွှတ်တော်မှ တာဝန်ဖြစ်သည့်အတွက် ကိုယ်စားလှယ်အားလုံးအနေဖြင့်လည်း အစွဲကင်းကင်းဖြင့် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကို အလေးထားပြီး ဥပဒေပြဋ္ဌာန်းပေးရန်လည်း တိုက်တွန်းလိုပါကြောင်း၊ ယနေ့ဖြစ်ပွားနေသည့် ရာဇဝတ်မှုများမှာ မြို့ပြပြည်သူလူထုဘဝ လုံခြုံမှုရှိရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် လက်ရှိပြည်သူလူထု၏ လူမှုဘဝအခြေအနေအရပ်ရပ်ကို တာဝန်ယူ၊ တာဝန်ခံမှုစနစ်ဖြင့် အဘက်ဘက်မှ လေ့လာသုံးသပ်၍ အားလုံးပေါင်းစပ်ညှိနှိုင်းကာ ရာဇဝတ်မှုများကို ထိရောက်စွာကာကွယ်သင့်ကြောင်း ထောက်ခံဆွေးနွေးသည်။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးမိုးဦးကျော်က ယခုအချိန်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ဆောက်နေသည့် ကာလလည်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အေးချမ်းတည်ငြိမ်ရန်သည် အရေးကြီးသကဲ့သို့ ပြည်သူများ လုံခြုံစိတ်ချစွာ နေထိုင်စားသောက်နိုင်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရာဇဝတ်မှုထူပြောခြင်းများသည် ဖွံ့ဖြိုးတိုးတက်မှုကို ဟန့်တားနေသည့်အချက်များဖြစ်ပါကြောင်း။

တရားဥပဒေစိုးမိုးရန်အတွက် နိုင်ငံတော်အစိုးရ အပါအဝင် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းဆောင်ရွက်မှသာ အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းသည် နိုင်ငံ၏ပုံရိပ်ကို ကျဆင်းစေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကအဟန့်အတားဖြစ်သောကြောင့် ထိရောက်စွာ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်သင်း၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်မှ ဦးဇော်ဝင်း၊ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ၊ ဇဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၊ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းလွင်၊ တံတားဦးမဲဆန္ဒနယ်မှ ဒေါ်စိုးနွယ်အေး၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဖားကန့် မဲဆန္ဒနယ်မှ ဦးတင့်စိုး၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးထင်ဇော်လွင်၊ ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်နှင့် ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာ ဒေါ်ခင်ညိုတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက နိုင်ငံတစ်နိုင်ငံ၏ တည်ငြိမ်အေးချမ်းရေးသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုအပေါ်တွင် တည်မှီနေပါကြောင်း၊ ထို့အတူ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးသည်လည်း ဆက်စပ်လျက်ရှိပြီး အပြန်အလှန် အကျိုးသက်ရောက်မှုရှိသဖြင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးနှစ်ခုစလုံး အားကောင်းအောင် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မှုခင်းဖြစ်ပွားမှုမြင့်မားခြင်းသည် ဒီမိုကရေစီဖြစ်ထွန်းခါစ နိုင်ငံများအတွက် ကြီးမားသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ခြင်းကြောင့် မှုခင်းကြိုတင်ကာကွယ်ရေးသည် ရဲတပ်ဖွဲ့တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ အဖွဲ့အစည်းပေါင်းစုံမှ ကဏ္ဍပေါင်းစုံတွင် စုပေါင်းလုပ်ဆောင်ရမည့် တာဝန်ဖြစ်ခြင်းစသည့် အခြေခံအကြောင်းတရားများကြောင့် အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာတစ်ရပ် ရေးဆွဲချမှတ်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာရေးဆွဲ အကောင်အထည်ဖော်ရေးဗဟိုအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ ကျွမ်းကျင်ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေးမဟာဗျူဟာ (၂၀၁၈-၂၀၂၂)(မူကြမ်း)ကို ရေးဆွဲခဲ့ရာ ၂၀၁၈ခုနှစ် စက်တင်ဘာ ၄ ရက်တွင် အပြီးသတ်ခဲ့ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် အတည်ပြုချက်ရရှိပြီးဖြစ်သောကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ မှုခင်းကျဆင်းရေး မဟာဗျူဟာများနှင့် နည်းဗျူဟာများကို ဖြန့်ဝေပေးပို့၍ စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အင်အားတိုးမြှင့်ရေးကို မူအဖြစ်ခွင့်ပြုပြီးဖြစ်၍ ဖွဲ့စည်းပုံအင်အားပြည့်မီရေး ကြိုးပမ်းဆောင်ရွက်နေခြင်း၊ တရားဥပဒေစိုးမိုးပြီး ပြည်သူ့ဘဝလုံခြုံရေးအတွက် အမျိုးသားအဆင့် မှုခင်းကြိုတင်ကာကွယ်ရေး မဟာဗျူဟာကို ရေးဆွဲ၍ ၂၀၁၈-၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းတို့ကြောင့် အဆိုရှင်အား မှတ်တမ်းအဖြစ်ထားရှိပေးပါရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဆိုရှင် ဦးတင်ထွေးက အဆိုအား မှတ်တမ်းတင်စောင့်ကြည့်အဖြစ် ခွင့်ပြုပေးပါရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**



ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း



နေပြည်တော်ကောင်စီဝင် ဦးညီထွန်း



သဃ်ာန်းကျွန်း မဲဆန္ဒနယ်မှ ဦးရွှေလှ(ခ) ဦးရွှေလှဝင်း



ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး



ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး



ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ

# ခိုင်မာမှန်ကန်သည့် မြေယာဆိုင်ရာအချက်အလက်များရရှိရေး အဆင့်လိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၁၃

**တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့တွင် အတည်ပြုခဲ့သည်။

## ဦးစီးဌာနပိုင်မြေနေရာရရှိမှသာ မောက်မယ်မြို့နယ် အားကစားကွင်းနှင့် ဘောလုံးကွင်းတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်၏ **ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မောက်မယ်မြို့နယ်တွင် မြို့နယ်အားကစားကွင်းမြေနေရာ သတ်မှတ်ပေးရန်နှင့် မြို့နယ်ဘောလုံးကွင်းတည်ဆောက်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက်ရှိ မြေလွတ်၊ မြေရိုင်း (၆ ဒသမ ၆၄၉) ဧကအား မြို့နယ်အားကစားကွင်း၊ ဘောလုံးကွင်းအဖြစ် အသုံးပြုနိုင်ရန် လျာထားသတ်မှတ်တိုင်းတာပြီး မြေအသုံးပြုခွင့် ခွင့်ပြုမိန့် ရရှိရေးအတွက် မောက်မယ်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၊ နေပြည်တော်သို့ တင်ပြလျှောက်ထားပြီး ဖြစ်ပါကြောင်း၊ ဦးစီးဌာနပိုင်မြေနေရာရရှိမှသာ မောက်မယ်မြို့နယ် အားကစားကွင်းနှင့် ဘောလုံးကွင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဇေ့တင်း၏ **ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆတ်ချိုင်ကျေးရွာအုပ်စု ဆတ်ချိုင်ကျေးရွာနှင့် ဒိုးချောင်းဝ ကျေးရွာ (၂)ရွာတို့တွင် သန့်ရှင်းသောရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူပေးရေးကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပထမ(၆)လ ဘတ်ဂျက်တွင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆတ်ချိုင်ကျေးရွာနှင့် ဒိုးချောင်းဝကျေးရွာ (၂)ရွာသည် သောက်သုံးရေလိုအပ်သည့် ကျေးရွာများ ဖြစ်သော်လည်း လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် လက်ရှိဒေသနယ်မြေအေးချမ်းမှုအပေါ် မူတည်ပြီး ကွင်းဆင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးသွားရမည့် အခြေအနေဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လတ်တလောအနေအထားတွင် လုပ်ငန်းများ စီမံဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ရှိလာသည်နှင့်အညီ ဆတ်ချိုင်ကျေးရွာ၏ လက်ရှိစိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းအတွက် ကွင်းဆင်းစစ်ဆေးပြီး ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဒိုးချောင်းဝကျေးရွာ ရေရရှိရေးအတွက် တွီလုံးချောင်းမှ ရေသွယ်ယူခြင်းလုပ်ငန်းအတွက် ရေရရှိနိုင်မှုရှိ၊ မရှိ ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာဒေသတွင်ရှိသည့် မိမိတို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတိုင်းတာပြီး နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဖြစ်မြောက်နိုင်စွမ်း ရှိမည်ဆိုပါက ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြခြင်းနှင့်အတူ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီး ဦးစားပေးအစီအစဉ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် ဦးလှကျော်တို့က ပြန်လည် ရှင်းလင်း ဖြေကြားခဲ့ကြသည်။

## တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားရှင်းလင်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဗိုလ်မှူးချုပ်တင့်လွင်က **တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော တံတားကြီးများ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း** လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးက **အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲသည့်အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန်** အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက **တံတားကြီးများ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့်အချက်ကို** ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။



ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးစိုင်းထွန်းအောင်



ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်



မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်



ဒုတိယဝန်ကြီး ဦးလှကျော်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) မှ ဒေါက်တာဦးကြွယ်ကြွယ်

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ) ဦးလှမြင့်သန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် ပိုမိုထိရောက်စွာနှင့် ရှင်းလင်းလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာဆိုင်ရာအချက်အလက်များရရှိရေး မြေယာမှတ်ပုံတင်လုပ်ငန်းကို မဖြစ်မနေဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံလိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင်ထားနိုင်ရေး ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကူအညီများရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ်ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်းလုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ်ဆောင်ရွက်ရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်က မိမိတို့နိုင်ငံတွင် တိကျခိုင်မာမှန်ကန်သည့် မြေယာအချက်အလက်များ ပါဝင်သည့် တစ်မျိုးတည်းသော မြေပုံမရှိသေးသည့်အတွက် ယနေ့အထိ လယ်ယာမြေပုံစံ (၇) ထုတ်ပေးနိုင်ခြင်းမရှိသည့် ပြဿနာများ၊ မှတ်ပုံတင်၍မရနိုင်သော စိုက်ပျိုးမြေယာများ၊ စားကျက်မြေ၊ သစ်တောမြေတို့တွင် တရားမဝင် နှစ်ပေါင်းများစွာ ကျူးကျော်ဝင်ရောက် နေထိုင်လုပ်ကိုင်နေသောပြဿနာများ၊ မြေကွက်တစ်ခုကို ဂရန်နှစ်ခု ချထားပေးသည့်အတွက် ဂရန်ထပ်ခြင်းများ အစရှိသည့် မြေပြဿနာများ ပေါ်ပေါက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် တိကျမှန်ကန်ခိုင်မာသည့် တစ်မျိုးတည်းသော မြေပုံစနစ်ကို ဆောင်ရွက်သင့်ပါကြောင်း၊ ထို့ကြောင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းအဆိုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြေယာအုပ်ချုပ်ရေးကဏ္ဍတွင် တစ်မျိုးတည်းသော မြေပုံစနစ်ကို အခြေခံသည့် သတင်းအချက်အလက်စနစ် အပါအဝင် လုပ်ငန်းများအတွက် ခိုင်မာမှန်ကန်သည့် မြေယာဆိုင်ရာ အချက်အလက်များ ရရှိရေးနှင့် စပ်လျဉ်း၍ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်၊ ဘဏ္ဍာငွေကြေး စသည့် အကန့်အသတ်များကို နိုင်ငံ၏ တည်ရှိပြီး အရင်းအမြစ်များ၊ နိုင်ငံတကာအကူအညီများနှင့် မိမိတို့ စွမ်းဆောင်နိုင်သည့် စွမ်းအားအပေါ်တွင် အခြေပြုမြှင့်တင်၍ ရေရှည်ကိုမျှော်မှန်းလျက် အဆင့်လိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည့်အလျောက် လွှတ်တော်ကိုယ်စားလှယ်၏ အဆိုကို မှတ်တမ်းတင်ထားရှိပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးလှမြင့်(ခ) ဦးလှမြင့်သန်းက မိမိအနေဖြင့် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူလိုပါကြောင်း တင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ယင်းအဆိုကို အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၁၄၂ မဲ၊ ကန့်ကွက်မဲ ၉ မဲ၊ ကြားနေမဲ ၆ မဲ ဖြစ်၍ ထောက်ခံမဲများသဖြင့် အဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် **အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ (၂/၂၀၁၈)** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဒေါက်တာဦးကြွယ်ကြွယ်က ကော်မတီ၏ အစီရင်ခံစာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ပေးပို့သည့် အမှုတွဲ ၇၄၆ တွဲတွင် ၂၈၆ တွဲသာ ပြန်ကြားခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ အတွဲ ၄၆၀ ပြန်ကြားရန် ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ အစီရင်ခံစာတွင် အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် တိုင်ကြားစာများကို ကော်မတီက စိစစ်တွေ့ရှိချက်နှင့်အတူ အမှုတွဲများကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ ပေးပို့ခဲ့ရာ ကော်မရှင်မှ အထူးအလေးထား ဆောင်ရွက်ပေးခဲ့ပါသည်ဟု အစီရင်ခံထားသည့်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အား အထူးလေးစားအပ်ပါကြောင်း၊ နိုင်ငံတော် အာဏာ၏ မူလပိုင်ရှင်အစစ်ဖြစ်သော ပြည်သူတို့နှင့် လွှတ်တော်ကိုယ်စားပြည်သူ့တိုင်ကြားစာကော်မတီက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားရေးမဏ္ဍိုင်တို့အား ထိန်းကျောင်းပေးခြင်းဟူသော ဒီမိုကရေစီ အနှစ်သာရကို ရုပ်လုံးပေါ်အောင် ကြိုးပမ်းဆောင်ရွက်မှုအား လေးစားဂုဏ်ယူပါကြောင်း ဆွေးနွေးသည်။

ယင်း အစီရင်ခံစာ (၂/၂၀၁၈) ကို ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကြည်ဝင်းက ဆက်လက်ဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီဝင် ဦးဝင်းအောင်က ယင်းအစီရင်ခံစာ(၂/၂၀၁၈) ကို သဘောတူလက်ခံရန် အဆိုတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာ (၂/၂၀၁၈)ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဝင် မန်းထွန်းကြိုင်က ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင် ဦးမင်းဆွေနိုင်က **ကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများ**နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာတွင် ကော်မတီ၏ သုံးသပ်အကြံပြုချက်အနေဖြင့် ကိုယ်စားလှယ်များမှ မေးခွန်းများမေးမြန်းရာတွင် မိမိသိရှိလိုသည့် အချက်အလက်များကိုသာ မေးမြန်းပေးရန်နှင့် ပြန်လည်ဖြေကြားသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှလည်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ လိုရင်းကိုသာ တိတိပပဖြေကြားပေးရန် ဖြစ်ပါကြောင်း၊ မေးခွန်းရှင်ကိုယ်စားလှယ်များကလည်း သက်ဆိုင်ရာဝန်ကြီးဌာန၏ ဖြေကြားချက်များကို သေသေချာချာမှတ်သားပြီး မြေပြင်တွင် အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ကွဲလွဲမှုများရှိပါက မိမိတို့ကော်မတီသို့ အချိန်နှင့်တစ်ပြေးညီ အသိပေးနိုင်ရန် အကြံပြုအပ်ပါကြောင်း။

မိမိတို့ကော်မတီမှ သက်ဆိုင်ရာနယ်မြေဒေသများသို့ ကွင်းဆင်းစိစစ်သည့်အခါတွင် မေးခွန်းရှင်များ မေးမြန်းထားသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်နေမှုလုပ်ငန်းစဉ် နောက်ဆုံးအခြေအနေအား ကော်မတီသို့ ညှိနှိုင်းအသိပေးနိုင်ပါရန်နှင့် ကွင်းဆင်းစိစစ်သည့် နေရာတွင်လည်း လိုက်ပါဆောင်ရွက် အကြံပြုပေးနိုင်ပါရန် အကြံပြုအပ်ပါကြောင်း၊

စာမျက်နှာ ၈ သို့ »»

»» စာမျက်နှာ ၇ မှ
အဆို၊ မေးခွန်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော် ဆောင်ရွက်ရသည့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှလည်း ကတိဖြစ်ပေါ်ခဲ့မှုများအား လွှတ်တော်တွင် လာရောက်ဖြေကြားသည့်အတိုင်းနှင့် ကြယ်ပွင့်မပြမေးခွန်းများအတွက် တရားဝင်စာဖြင့် ပေးပို့ဖြေကြားထားသည့် ကတိကဝတ်အတိုင်း အမှန်တကယ် မြေပြင်တွင် ဆောင်ရွက်ရာတွင်လည်း ကွဲလွဲမှုမရှိစေရန် အကြံပြုတင်ပြအပ်ပါကြောင်း။

ကော်မတီသည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်တွင် ကတိဖြစ်ပေါ်ခဲ့ပြီး ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သလို ညှိနှိုင်းဆွေးနွေး အကြံပြုတင်ပြခဲ့ပြီး ဖြစ်ပါကြောင်း၊ လွှတ်တော်အကြိမ်အရေအတွက် ပိုမိုများပြားလာသည့်အလျောက် ကတိဖြစ်ပေါ်ခဲ့သည့် အဆို၊ မေးခွန်းများလည်း ယခင်ကထက် ပိုမို၍ များပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းအဆိုပြုချက်များသည် ယင်းတို့၏ မဲဆန္ဒနယ်မြေမှ ဒေသခံပြည်သူများ၏ အမှန်တကယ်လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရှိရသည့်အပြင် ကော်မတီမှလည်း ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကတိဖြစ်ပေါ်ပြီး အဆို၊ မေးခွန်းများကို ယခုထက်ပိုမို၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ကာ အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လိုအပ်သောနေရာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းလေ့လာမှုများအား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွစ်ဇာလန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မတ် ၁၃**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ် ကြီး H.E. Mr. Tim Enderlin တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး မေခလာခန်းမ၌ တွေ့ဆုံကြသည်။

**ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး**

တွေ့ဆုံစဉ် ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာများ၊ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးတွင် ဆွစ်ဇာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတမှုတရေးဆိုင်ရာများ၊ အမျိုးသားအဆင့် IDP စခန်းများ ပိတ်သိမ်းခြင်းဆိုင်ရာ မဟာဗျူဟာရေးဆွဲဆောင်ရွက်ခြင်းတွင် ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Professor Walter Kalin ပူးပေါင်းဆောင်ရွက်နေမှုများ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာလုပ်ငန်းစဉ်များတွင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံးတို့မှ ပူးပေါင်းဆောင်ရွက်နေမှုများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေးနှင့် ဘေးအန္တရာယ်လျှော့ချရေးလုပ်ငန်းစဉ်များတွင် Swiss Agency for Development and Cooperation က ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မတ် ၁၃**
ရခိုင်ပြည်နယ်အတွင်းမှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များတွင် အာဆီယံမှ ပူးပေါင်းဆောင်ရွက်နိုင်ရေး အာဆီယံအတွင်းရေးမှူးချုပ်ရုံး သဘာဝဘေးစီမံခန့်ခွဲမှုအတွက် လူသားချင်းစာနာကူညီမှုဆိုင်ရာ အာဆီယံညှိနှိုင်းရေးမှူးရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။




**ရှင်းလင်းပြောကြား**

အဆိုပါ သဘောတူညီချက်အရ လိုအပ်ချက်များကို လေ့လာဆန်းစစ်နိုင်ရေးအတွက် အာဆီယံအဖွဲ့ဝင် အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့မှ ကိုယ်စားလှယ် ၁၀ ဦးပါဝင်သည့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN ERAT)သည် မတ် ၅ ရက်က နေပြည်တော်၌ အဖွဲ့ဝင်များ၏ ဘေးကင်းလုံခြုံရေးအတွက် သင်တန်းပို့ချပေးခြင်းကို ဆောင်ရွက်ပြီး မတ် ၆ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှုများ၊ UEHRD စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြန်လည်ဝင်ရောက်လာသူများအတွက် လုံခြုံစိတ်ချပြီး လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားမှုများနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာမည့်သူများသိရှိနိုင်ရန် သတင်းပြန်ကြားဆက်သွယ်ဆောင်ရွက်မည့်အစီအစဉ်များ၊ ပြန်လည်လက်ခံရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**ကွင်းဆင်းဆောင်ရွက်**

ထို့နောက် ASEAN ERAT အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြပြီး မတ် ၇ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့၌ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည်။

ယင်းနောက် မတ် ၈ ရက်မှ ၁၀ ရက်အထိ မောင်တောမြို့ လှဖိုးခေါင်ကြားစခန်း၊ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် ပြန်လည်နေရာချထားပေးမည့် ကျေးရွာများတွင် ကနဦး လိုအပ်ချက်ဆန်းစစ်လေ့လာမှုများကို ကွင်းဆင်းဆောင်ရွက်ကြသည်။

ကွင်းဆင်းဆန်းစစ်သည့်ကာလအတွင်း ASEAN ERAT အဖွဲ့ဝင်များသည် ပြန်လည်ဝင်ရောက်လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လက်တွေ့စမ်းသပ်ဆောင်ရွက်ခြင်း၊ စခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ စခန်းအတွင်းရှိ အခြေခံအဆောက်အအုံများ၊ လုံခြုံရေးနှင့် အုပ်ချုပ်မှုဆိုင်ရာများ၊ ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ စားသောက်နေထိုင်ရေး၊ နိုင်ငံသားစိစစ်ခံရမည့်သူများအတွက် သက်သေခံကတ်ပြားထုတ်ပေးရေး၊ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်ရေး၊ လူမှုသဟဇာတဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် သံတမန်ရေးရာများကို ဆန်းစစ်လေ့လာကြသည့်အပြင် မောင်တောခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး အစီအမံများကို မေးမြန်းဆွေးနွေးကြသည်။

**ဆက်လက်ပူးပေါင်းအကောင်အထည်ဖော်**

ထို့နောက် ပြန်လည်နေရာချထားပေးမည့် ကျေးရွာများရှိ ဒေသခံများနှင့်တွေ့ဆုံ၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ပြန်လည်နေရာချထားမည့် ကျေးရွာများတွင် UEHRD နှင့် အလှူရှင်နိုင်ငံများ၏ အကူအညီများဖြင့် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲနေအိမ်များကို လေ့လာကြသည်။

အဆိုပါအဖွဲ့သည် မတ် ၁၁ ရက်တွင် စစ်တွေမြို့၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်တွေ့ဆုံပြီး ဆန်းစစ်တွေ့ရှိချက်များနှင့်စပ်လျဉ်း၍ အကျဉ်းချုပ် ရှင်းလင်းတင်ပြသည်။

ASEAN ERAT အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် တာဝန်ရှိသူများထံ ဆန်းစစ်တွေ့ရှိချက်များကို ပြန်လည်တင်ပြဆွေးနွေးပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်တင်ပြကာ ဆက်လက်ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❒ ကယားပြည်နယ်မှ**
ဆောင်ရွက်နေပါပြီ”ဟုပြောသည်။

ထိုသို့ ကယားပြည်နယ်အတွင်း ခရီးစဉ်သစ်များရှာဖွေရန်အတွက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန(လွိုင်ကော်ရုံးခွဲ)၏ ဦးဆောင်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဂျာမနီနိုင်ငံ၊ ဆလိုဗက်ကီးယားနိုင်ငံများမှ လိုဏ်ဂူပညာရှင်များ၊ မြန်မာနိုင်ငံတောင်တက်အဖွဲ့နှင့် မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်း(ကယားဇုန်)တို့ ပူးပေါင်းပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါ ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အတွင်း ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ထီးပရူနူဂူနှင့် ထီမိုးအိဂူ၊ ဒီမော့ဆိုမြို့နယ်ရှိ ကွိုင်ငံဂူနှင့် ဘောလခဲမြို့အနီးရှိ ရေနီပေါက်ဂူများသို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။ **သတင်း-သီသီမင်း၊ ဓာတ်ပုံ-ဟိုတယ်/ခရီး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဩစတြေးလျ သံအမတ်ကြီးနှင့်အဖွဲ့၊ တရုတ်သံအမတ်ကြီးနှင့် Exploring Myanmar Culture & Tourism Organization အဖွဲ့တို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော် မတ် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Andrea Faulkner နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် Exploring Myanmar Culture & Tourism Organization အဖွဲ့တို့အား မွန်းလွဲပိုင်းတွင် လည်းကောင်း ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ဩစတြေးလျနိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် ပူးပေါင်းဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် နယ်ပယ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကာလတွင် တိုးတက်လာသည့် အခြေအနေများ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် အဆင့်မြင့်မားလာရေးဆောင်ရွက်နေမှုများ၊ တိုးတက်လာသည့် နည်းပညာများကြောင့် မီဒီယာနယ်ပယ်၌ ပြောင်းလဲဖြစ်ပေါ်မှုများ၊ လူမှုမီဒီယာနှင့် အမုန်းစကား ရေးသားပြောဆိုမှုများ၏ စိန်ခေါ်မှုများ၊ နိုင်ငံပိုင်မီဒီယာ၏ အခန်းကဏ္ဍနှင့် အရေးပါမှု စသည်တို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ရုပ်ရှင်လုပ်ငန်း၊ မီဒီယာနှင့် စာကြည့်တိုက်များ လေ့လာကြည့်ရှုရေး၊ နှစ်နိုင်ငံမီဒီယာခရီးစဉ်များ အပြန်အလှန်ဖလှယ်ရေး၊ Documentary အစီအစဉ်များ ရိုက်ကူးရေး၊ သမ္မတ ရှီကျင့်ဖျင်၏ The Governance of China စာအုပ် လှူဒါန်းရေးကိစ္စရပ်များကို ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ Exploring Myanmar Culture & Tourism Organization အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Exploring Myanmar Culture & Tourism Organization အဖွဲ့နှင့်တွေ့ဆုံစဉ် အဆိုပါအဖွဲ့က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝရှုခင်းအလှအပများ၊ ဓလေ့ထုံးစံများကို နောက်ခံထား၍ ဖော်ကျူးရိုက်ကူးပြသမည့် Variety Program ရုပ်မြင်သံကြားဇာတ်လမ်းတွဲ ရိုက်ကူးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရန်ကုန်စည်ပင်သာယာကော်မတီဝင် ရွေးကောက်ပွဲပညာပေးလှုံ့ဆော်မှု တိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံများတွင် ပြသသွားရန် စီစဉ်ဆောင်ရွက်

**ရန်ကုန် မတ် ၁၃**

ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်ပွဲကို အများပြည်သူသိရှိနားလည်စေရန် ရုပ်ရှင်ရုံများတွင် နိုင်ငံတော်အလံလွှင့်ထူပြီးနောက် အသိပညာပေးလှုံ့ဆော်မှုအနေဖြင့် ထုတ်လွှင့်ပြသရန် စီစဉ်ဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

"မဲပေးသူတွေတိုးလာရေး ကူညီချင်တယ်။ မဲပေးရေးကို လှုံ့ဆော်မှုအပိုင်း ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးကို တွန်းအားပေးဆောင်ရွက်ပါတယ်။ ရုပ်မြင်သံကြားတွေ၊ ဝိုင်ဘီအက်(စ်) ယာဉ်လိုင်းတွေမှာ မဲပေးရေးလှုံ့ဆော်မှုတွေ ပြသပေးသလို ရုပ်ရှင်ရုံတွေမှာ နိုင်ငံတော်အလံလွှင့်ထူပြီးရင် အသိပညာပေးဖို့ ဆောင်ရွက်ထားပါတယ်" ဟု ဝန်ကြီးချုပ်က ပြောသည်။

ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်ခန်းမတွင် ကျင်းပသည့် ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က မဲစာရင်းနှင့် မဲပေးခွင့်အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လိုအပ်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လုံခြုံရေးထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲနေ့အတွက် စီစဉ်ထားမှုအခြေအနေများနှင့် ရွေးကောက်ပွဲစောင့်ကြည့်သူများကို ခွင့်ပြုထားမှုအခြေအနေများကို ဆွေးနွေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲ၌ ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီဝင်အဆင့်ဆင့် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က မဲပေးနိုင်မည့် မဲစာရင်းများကို



အများပြည်သူသိရှိနိုင်ရန် ဖော်ပြသွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရန် စီစဉ်ထားကြောင်း ပြောသည်။

"ကျွန်တော်တို့ စက်မှုဇုန်တွေမှာ အလုပ်လုပ်နေတဲ့သူတွေကိုလည်း မဲပေးခွင့်ရအောင် စက်ရုံအလုပ်ရုံတွေက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ထားပါတယ်။ ရွေးကောက်ပွဲကျင်းပဖို့ ခုနစ်ရက်အလိုမှာလည်း မဲပေးခွင့်မရှိလို့ လာရောက်တင်ပြရင် စိစစ်ဆောင်ရွက်ပေးသွားမှာပါ" ဟု ဥက္ကဋ္ဌ ဦးအောင်ခိုင်က ပြောသည်။

အဆိုပါရွေးကောက်ပွဲကို ရပ်ကွက် ၆၁၃ ရပ်ကွက်မှ မဲပေးခွင့်ရှိသူ ၃ ဒသမ ၄ သန်းရှိပြီး မဲရုံ ၂၈၇၉ ရုံ ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇာနည်မောင်**

# (၄) ကြိမ်မြောက် Animation Workshop ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၁၃**

ဂျပန်ဖောင်ဒေးရှင်းနှင့် ဝဿန်ရုပ်ရှင်ပွဲတော်ကျင်းပရေးအဖွဲ့တို့ ပူးပေါင်း၍ "ကာတွန်းများဖန်တီးကြစို့" ခေါင်းစဉ်ဖြင့် (၄) ကြိမ်မြောက် Animation Workshop ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာဆရာ တိုရှိုခဆုဝါဒါက ရိုးရာပုံပြင်များကို Animation ပြုလုပ်ခြင်းအကြောင်းနှင့် သင်ကြားပို့ချမည့်ပုံစံကို လည်းကောင်း၊ နည်းပြ ဆရာမ အိခုကို အိဝဆုကို က သဘာဝပတ်ဝန်းကျင်မှ သစ်ပင်များ ပိုးမွှားတိရစ္ဆာန်များကို အခြေခံ၍ Stop Motion Animation ပြုလုပ်ပုံများနှင့် သင်ကြားပို့ချမည့်ပုံစံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နည်းပြ ဆရာမ အိခုကို အိဝဆုကို၏ ကိုယ်ပိုင်လက်ရာ Animation များကို ပြသသည်။

ထို့နောက် နည်းပြဆရာ မိရိုင် မိဇုအ နှင့် ဒေါက်တာ စန်းစန်းဦးတို့ ပူးပေါင်းပြီး ကလေးများအတွက် အရောင်



အသွေးစုံ၍ အနုပညာမြောက်သော Animation ဖန်တီးပြုလုပ်မှုအကြောင်းကို ရှင်းလင်းတင်ပြပြီး Animation ရုပ်ရှင်များ ပြသသည်။

"ဒီနေ့ ကျင်းပတဲ့ Workshop က ဂျပန်ပညာရှင်တွေ လာရောက်ပို့ချတဲ့ Animation Workshop ပါ။ ဒီ Workshop ကို ဝဿန်ရုပ်ရှင်ပွဲတော်ရယ်၊ ဂျပန်ဖောင်ဒေးရှင်းရယ် ပူးပေါင်းပြီး စီစဉ်တာပါ။ မြန်မာနိုင်ငံမှာ ဒီ Animation Workshop ကို ဂျပန်ဖောင်ဒေးရှင်းနဲ့ ပူးပေါင်းပြီး စီစဉ်တာ ဒါဆိုရင် လေးကြိမ်ရှိပါပြီ။ ၂၀၁၅ ခုနှစ်ကစပြီး Animation Workshop တွေ စပြီး စီစဉ်ခဲ့ပါတယ်။ ဂျပန်နိုင်ငံက ပညာရှင်တွေ ဖိတ်ပြီး မြန်မာနိုင်ငံမှာ Animation Workshop တွေကို စီစဉ်ခဲ့ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ အကူအညီနဲ့ စီစဉ်ခဲ့ပါတယ်။ Animation Workshop ကို ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၇ ခုနှစ် သုံးနှစ်ဆက်တိုက် ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး စီစဉ်ခဲ့ပါတယ်။ သုံးနှစ် ပြုလုပ်ခဲ့တဲ့ Animation Workshop တွေကို အခြေခံပြီး ဒီနှစ်မှာ ပထမသုံးနှစ် စီစဉ်ခဲ့တဲ့ ပညာရှင်တွေကို ဖိတ်ပြီးတော့ တစုတစည်းတည်း 2019 Animation Workshop ကို ပြုလုပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီနှစ် Animation Workshop ကတော့ ကလေးငယ်တွေအတွက် အဓိကရည်ရွယ်ပါတယ်။ ပိုပြီး တစ်မူထူးခြားဆန်းသစ်တဲ့ ကာတွန်းများ ဖန်တီးခြင်းခေါင်းစဉ်နဲ့ ဂျပန်ပညာရှင်တွေ လာရောက်ပို့ချဖို့ စီစဉ်ထားပါတယ်" ဟု ဝဿန်ရုပ်ရှင်ပွဲတော်ကျင်းပရေးအဖွဲ့ စီစဉ်သူ ဦးသိဒ္ဓိက ပြောသည်။

အဆိုပါ Animation Workshop ကို မတ် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်ပညာရှင် နည်းပြဆရာ သုံးဦးက ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ဥမ္မာသန့်**

**ဓာတ်ပုံ-လှမိုး**

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ကျောင်းသားများ၏ပုံရိပ်များ



အထက(၁)မင်္ဂလာတောင်ညွန့် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲ နောက်ဆုံးနေ့တွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ပေးနေစဉ်။ ဓာတ်ပုံ- ဟိန်းထက်(ကြေးမုံ)



မတ္တရာမြို့နယ် သုံးဆယ်ပေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- အောင်ဖြိုးကျော်



အထက(၂)မင်းဘူးတွင် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲနောက်ဆုံးနေ့ဖြေဆိုအပြီး ကျောင်းသား ကျောင်းသူများကို ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ပေးနေစဉ်။ ဓာတ်ပုံ- မျိုးမြတ်(မင်းဘူး)



အထက(၂)ဘူးသီးတောင်တွင် ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာရပ်များဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- လှကျော်(ပြန်/ဆက်)



အထက(၂)မရမ်းကုန်းတွင် ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာရပ်များ ဖြေဆိုအပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- မျိုးမင်းသိန်း(မရမ်းကုန်း)



နွားထိုးကြီးမြို့နယ်တွင် ဇီဝဗေဒဘာသာနှင့် ဘောဂဗေဒဘာသာရပ်များ ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။ ဓာတ်ပုံ- သန်းဇော်အောင်



မတ္တရာမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းခွဲ(သရက်တန်း) စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသားတစ်ဦး ကျန်းမာရေးမကောင်း၍ မတ် ၁၂ ရက် နံနက် ၈ နာရီခွဲတွင် မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးပြေဦးနှင့် တပ်ဖွဲ့ဝင်များ သွားရောက်ကူညီ ဆောင်ရွက်ပေးစဉ်။ ဓာတ်ပုံ- ရဲပြန်ကြား



ကျောက်ပန်းတောင်း မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း(ပုပ္ပား) စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေသည့် ကျောင်းသူတစ်ဦး မတ် ၁၂ ရက် နံနက် ၈ နာရီ ၅၅ မိနစ်တွင် သွေးအားနည်းရောဂါဖြင့် မူးလဲသွား၍ ပျော်ဘွယ်ရဲကင်းစခန်းမှ ရဲအုပ် ဂျူးလီယို မော်တော်ယာဉ်ဖြင့် ကျောက်ပန်းတောင်း ပြည်သူ့ဆေးရုံသို့ ကူညီပို့ဆောင်ပေးစဉ်။ ဓာတ်ပုံ- ရဲပြန်ကြား

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ ရောက်ရှိပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ် ဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ကျင်းပဆောင်ရွက်ရာတွင် အားနည်းချက်များကို အမြန်ဆုံးဖြည့်ဆည်း၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးရန်နှင့် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်၊ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေးဆောင်ရွက်ပေးကြရန် မှာကြားသည်။





အလားတူ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာန၊ ပျော်ဘွယ်မြို့အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနနှင့် ရမည်းသင်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ သွားရောက်ကြည့်ရှုအားပေးကာ ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့်တွေ့ဆုံပြီး လိုက်နာဆောင်ရွက်ကြရမည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာဆောင်ရွက်ကြရန်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ယင်းနောက် မေးခွန်းလွှာ၊ အဖြေလွှာများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုနေမှုများနှင့် စာမေးပွဲဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မန္တလေးတိုင်းဒေသကြီးတွင် ဇီဝဗေဒဘာသာရပ် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၄၅၄၅၄ ဦး စာရင်းပေးသွင်းကြ၍ ၄၄၂၂၄ ဦး ဝင်ရောက်ဖြေဆိုကြပြီး ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် ၇၈၂၀၆ ဦး စာရင်းပေးသွင်း၍ ၇၄၆၇၄ ဦး ဝင်ရောက်ဖြေဆိုကြသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ စာစစ်ဌာနများတွင် ဇီဝဗေဒဘာသာရပ် စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၅၄၅၁ ဦး စာရင်းပေးသွင်းကြပြီး ၅၂၅၀ ဝင်ရောက်ဖြေဆိုကြသည်။ ဘောဂဗေဒဘာသာရပ်ဖြေဆိုရန် ၂၀၆၆၉ ဦး စာရင်းပေးသွင်းပြီး ၁၉၅၀၇ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ နိုင်ငံခြားစာစစ်ဌာနများ အပါအဝင် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများတွင် ဇီဝဗေဒဘာသာရပ်ကို ဖြေဆိုသူပေါင်း ၁၉၀၆၀၂ ဦးနှင့် ဘောဂဗေဒဘာသာရပ်ကို ဖြေဆိုသူပေါင်း ၆၅၇၄၀၄ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၁၈-၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့ ဇီဝဗေဒဘာသာရပ်ကို ယနေ့တွင် ဖြေဆိုကြရာ နိုင်ငံခြားစာစစ်ဌာန ၂၁ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၆၉၁ ခု စာစစ်ဌာနစုစုပေါင်း ၁၇၁၂ ခုတွင် ဖြေဆိုသူပေါင်း ၁၉၀၆၀၂ ဦးနှင့် ဘောဂဗေဒဘာသာရပ်ကို နိုင်ငံခြားစာစစ်ဌာန ၂၁ ခုနှင့် မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာန ၁၈၅၈ ခု စာစစ်ဌာနစုစုပေါင်း ၁၈၇၉ ခုတွင် ဖြေဆိုသူပေါင်း ၆၅၇၄၀၄ ဦးရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၁၉၀၆၀၂ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၄၁ ဦး၊ အကြားအာရုံမသန်စွမ်းဖြေဆိုသူ မန္တလေးတိုင်းဒေသကြီးမှ ၁ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၃၀၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၇ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၅၅ ဦးရှိကြောင်း သိရသည်။

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲ ဘောဂဗေဒဘာသာရပ်တွင် ဖြေဆိုသူပေါင်း ၆၅၇၄၀၄ ဦးအနက် တစ်နိုင်ငံလုံး၌ ဆေးရုံဖြေဆိုသူ ၁၁၉ ဦး၊ အမြင်အာရုံမသန်စွမ်းဖြေဆိုသူ ၂၄ ဦး၊ အကြားအာရုံ မသန်စွမ်းဖြေဆိုသူ ၁၄ ဦး၊ ကိုယ်အင်္ဂါမသန်စွမ်းဖြေဆိုသူ ၁၀၈ ဦး၊ အကျဉ်းထောင်များတွင် ဝင်ရောက်ဖြေဆိုသူ ၁၆၄ ဦးနှင့် ကရင်ပြည်နယ် မြဝတီမှ ဝင်ရောက်ဖြေဆိုသူ ၆၃ ဦးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ ဖြေဆို

**နေပြည်တော် မတ် ၁၃**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သတ္တမနေ့အဖြစ် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို ယနေ့ဖြေဆိုကြသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် ဇီဝဗေဒဘာသာရပ်ဖြေဆိုရန် စာရင်းရှိ ကျောင်းသားကျောင်းသူ ၁၉၆၈၈၈ ဦးတွင် ဖြေဆိုသူ ၁၉၀၆၀၂ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၆၂၈၆ ဦးဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၆ ဒသမ ၈၁ ရာခိုင်နှုန်းဖြစ်သည်။

ဘောဂဗေဒဘာသာရပ်တွင် ဖြေဆိုရန် စာရင်းရှိကျောင်းသားကျောင်းသူ ၆၉၉ ၃၉၄ ဦးတွင် ဖြေဆိုသူ ၆၅၇၄၀၄ ဦးရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၄၁၉၉၀ ဖြစ်၍ ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၀၀ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

၂၀၁၉-ခုနှစ်မတ်လတွင်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ရက်စွဲ- ၁၃-၃-၂၀၁၉ ဘာသာ-ဘောဂဗေဒ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို % |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၄၁၀၉ | ၁၉၈၉၁ | ၃၄၀၀၀ | ၁၂၈၆၇ | ၁၈၉၈၂ | ၃၁၈၄၉ | ၁၂၄၂ | ၉၀၉ | ၂၁၅၁ | 93.67% |
| ၂ | ကယားပြည်နယ် | ၂၄၈၈ | ၄၀၀၇ | ၆၄၉၅ | ၂၂၉၅ | ၃၈၄၈ | ၆၁၄၃ | ၁၉၃ | ၁၅၉ | ၃၅၂ | 94.58% |
| ၃ | ကရင်ပြည်နယ် | ၆၉၂၄ | ၁၀၄၂၇ | ၁၇၃၅၁ | ၆၂၃၁ | ၁၀၇၅၃ | ၁၆၉၈၄ | ၆၉၃ | ၆၇၄ | ၁၃၆၇ | 92.55% |
| ၄ | ချင်းပြည်နယ် | ၄၃၃၅ | ၅၅၁၂ | ၉၈၄၇ | ၃၆၈၁ | ၄၉၅၅ | ၈၆၃၆ | ၆၅၄ | ၅၅၇ | ၁၂၁၁ | 87.70% |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၉၆၅၉ | ၄၉၀၃၄ | ၈၈၆၉၃ | ၃၇၄၀၅ | ၄၇၅၃၁ | ၈၄၉၃၆ | ၂၂၅၄ | ၁၅၀၃ | ၃၇၅၇ | 95.76% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၇၈၃၇ | ၁၃၇၆၂ | ၂၁၅၉၉ | ၇၀၇၃ | ၁၂၉၇၀ | ၂၀၀၄၃ | ၇၆၄ | ၇၉၂ | ၁၅၅၆ | 92.80% |
| ၇ | ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း) | ၁၇၅၁၈ | ၂၂၇၃၅ | ၄၀၂၅၃ | ၁၆၀၉၇ | ၂၁၆၈၁ | ၃၇၇၇၈ | ၁၄၂၁ | ၁၀၅၄ | ၂၄၇၅ | 93.88% |
| ၈ | ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) | ၁၁၃၁၅ | ၁၃၈၈၅ | ၂၅၂၀၀ | ၁၀၄၆၉ | ၁၃၂၁၇ | ၂၃၆၈၆ | ၈၄၆ | ၆၆၈ | ၁၅၁၄ | 93.95% |
| ၉ | မကွေးတိုင်းဒေသကြီး | ၃၀၅၃၃ | ၃၅၇၄၀ | ၆၆၂၇၃ | ၂၈၇၉၉ | ၃၄၈၂၆ | ၆၃၆၂၅ | ၁၇၃၄ | ၉၁၄ | ၂၆၄၈ | 96.00% |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၃၇၃၀၄ | ၄၀၉၀၂ | ၇၈၂၀၆ | ၃၅၀၃၄ | ၃၉၆၄၀ | ၇၄၆၇၄ | ၂၂၇၀ | ၁၂၆၂ | ၃၅၃၂ | 95.48% |
| ၁၁ | နေပြည်တော် | ၉၇၄၂ | ၁၀၉၂၇ | ၂၀၆၆၉ | ၉၀၁၇ | ၁၀၄၉၀ | ၁၉၅၀၇ | ၇၂၅ | ၄၃၇ | ၁၁၆၂ | 94.38% |
| ၁၂ | မွန်ပြည်နယ် | ၉၉၇၁ | ၁၅၂၀၀ | ၂၅၁၇၁ | ၉၀၇၈ | ၁၄၄၇၁ | ၂၃၅၄၉ | ၈၉၃ | ၇၂၉ | ၁၆၂၂ | 93.56% |
| ၁၃ | ရခိုင်ပြည်နယ် | ၁၈၁၆၁ | ၂၁၃၂၆ | ၃၉၄၈၇ | ၁၆၂၇၅ | ၂၀၁၇၉ | ၃၆၄၅၄ | ၁၈၈၆ | ၁၁၄၇ | ၃၀၃၃ | 92.32% |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး | ၄၆၀၈၃ | ၄၆၉၂၆ | ၉၃၀၀၉ | ၄၁၈၇၆ | ၄၄၀၇၅ | ၈၅၉၅၁ | ၄၂၀၇ | ၂၈၅၁ | ၇၀၅၈ | 92.41% |
| ၁၅ | ရှမ်းပြည်နယ်(တောင်ပိုင်း) | ၁၀၅၀၈ | ၁၅၄၈၇ | ၂၅၉၉၅ | ၉၈၁၄ | ၁၄၉၄၀ | ၂၄၇၅၄ | ၆၉၄ | ၅၄၇ | ၁၂၄၁ | 95.23% |
| ၁၆ | ရှမ်းပြည်နယ်(မြောက်ပိုင်း) | ၅၄၀၂ | ၈၃၂၇ | ၁၃၇၂၉ | ၅၀၇၅ | ၇၈၆၂ | ၁၂၉၃၇ | ၃၂၇ | ၄၆၅ | ၇၉၂ | 94.23% |
| ၁၇ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၈၁၉ | ၂၆၉၉ | ၄၅၁၈ | ၁၆၆၉ | ၂၅၆၂ | ၄၂၃၁ | ၁၅၀ | ၁၃၇ | ၂၈၇ | 93.65% |
| ၁၈ | ဧရာဝတီတိုင်းဒေသကြီး | ၃၈၇၄၇ | ၄၉၀၄၈ | ၈၇၇၉၅ | ၃၅၁၂၄ | ၄၆၄၃၉ | ၈၁၅၆၃ | ၃၆၂၃ | ၂၆၀၉ | ၆၂၃၂ | 92.90% |
| ၁၉ | နိုင်ငံခြား | ၂၇ | ၆၇ | ၉၄ | ၂၇ | ၆၇ | ၉၄ | ၀ | ၀ | ၀ | 100.00% |
| | စုစုပေါင်း | ၃၁၂၄၈၂ | ၃၈၆၉၁၂ | ၆၉၉၃၉၄ | ၂၈၇၈၀၆ | ၃၆၉၅၉၈ | ၆၅၇၄၀၄ | ၂၄၆၇၆ | ၁၇၃၁၄ | ၄၁၉၉၀ | 94.00% |

# ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များ ဆက်လက်ဖြေဆို

**စစ်တွေ မတ် ၁၃**

ရခိုင်ပြည်နယ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်များကို ယနေ့နံနက်ပိုင်းမှစတင်၍ သတ်မှတ်စာစစ်ဌာနအသီးသီး၌ ကျောင်းသား ကျောင်းသူများက အေးချမ်းစွာဖြေဆိုကြသည်။



တက္ကသိုလ်ဝင်စာမေးပွဲ၏ ဇီဝဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၅၃၃၀ က စာစစ်ဌာန ၉၉ ခု၌ ဖြေဆိုကြပြီး ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၃ ဒသမ ၅၁ ရာခိုင်နှုန်းနှင့် ဘောဂဗေဒဘာသာရပ်ကို ကျောင်းသား ကျောင်းသူ ၃၆၄၅၄ ဦးက စာစစ်ဌာန ၁၂၂ ခု၌ ဖြေဆိုကြပြီး ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၂ ဒသမ ၃၂ ရာခိုင်နှုန်းရှိကြောင်း ရခိုင်ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

ယနေ့ဖြေဆိုမှုနှင့်စပ်လျဉ်း၍ ကျောင်းသူ မခင်မိုးသူက "ကျွန်မ ဒီနေ့ဘောဂဗေဒဘာသာရပ်ကို ဖြေနိုင်ပါတယ်။ ကျွန်မအနေနဲ့ အရင်နေ့တွေက ဘာသာတွေကိုလည်း ဖြေနိုင်ပါတယ်။ အောင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ထို့အတူ ကျောင်းသား မောင်ဖြိုးသက်ဇော်က "ကျွန်တော့်အနေနဲ့ ဘောဂဗေဒဘာသာမှာ ဂုဏ်ထူးမှတ်ရအောင် ဖြေထားပါတယ်။ ဒီနှစ်မေးခွန်းတွေကို ဖြေနိုင်ပါတယ်။ ဂုဏ်ထူးက ဒီနေ့ဖြေတဲ့ ဘောဂဗေဒဘာသာကို မှန်းထားပါတယ်" ဟုပြောသည်။

"စာမေးပွဲမှာ ကျွန်မသားက ဖြေနိုင်ပါတယ်။ သူတို့ဖြေနိုင်တယ်ဆိုတော့ ကျွန်မတို့ မိဘတွေအနေနဲ့ စိတ်အေးရပါတယ်။ မိဘတစ်ယောက်အနေနဲ့ စာကျက်ချိန်မှန်အောင်၊ ကျောင်းချိန်မှန်အောင် သေချာထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်" ဟု တက္ကသိုလ်ဝင်တန်းကျောင်းသားတစ်ဦး၏မိခင် ဒေါ်အေးမြသန္တာက ပြောသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းပုံစံများနှင့်စပ်လျဉ်း၍ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မေသန့်စင်က "ဒီနှစ်မေးခွန်းပုံစံက နည်းနည်းပြောင်းထားတော့ ကျောင်းသား ကျောင်းသူတွေ နည်းနည်းပိုလေ့လာကြရပါတယ်။ ဒါပေမယ့် မေးခွန်းတွေက သိပ်ခက်တယ်လို့ မရှိပါဘူး။ အဓိကကတော့ ကျောင်းသား ကျောင်းသူတွေရဲ့ လေ့လာမှုတွေ၊ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုတွေအပေါ်မူတည်ပြီး ကွဲပြားသွားကြမှာပါ။ တော်တော်များများ ဖြေနိုင်ကြတာတွေ့ရပါတယ်" ဟု သုံးသပ်ပြောကြားသည်။ ရခိုင်ပြည်နယ်အတွင်း မတ် ၁၄ ရက်တွင် ပထဝီဝင်ဘာသာရပ်ကို ဖြေဆိုရန် စာရင်းရှိကျောင်းသား ၂၈၉၆ ဦး၊ ကျောင်းသူ ၃၅၆၉ ဦးရှိပြီး မတ် ၁၅ ရက်တွင် သမိုင်းဘာသာရပ်ကို ဖြေဆိုရန် စာရင်းရှိကျောင်းသား ၂၈၀၆ ဦးနှင့် ကျောင်းသူ ၃၃၉၇ ဦး ရှိကြောင်း ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း - မျိုးသူဟိန်း**

**ဓာတ်ပုံ-နေမျိုး**

# အီသီယိုးပီးယားလေကြောင်းလိုင်းမှ ပျက်ကျသွားသော ဘိုးရင်းလေယာဉ်၏ Black box ကို ဥရောပသို့ ပေးပို့စစ်ဆေးမည်

**အဒစ်အာဘာဘာ မတ် ၁၃**

လွန်ခဲ့သော ရက်သတ္တပတ်က အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဘိုးရင်း 737 Max 8 ပျက်ကျခဲ့မှုအပေါ် အသေးစိတ်အချက်အလက်များ ရရှိစေရန်ရည်ရွယ်ပြီး အီသီယိုးပီးယားအစိုးရက လေယာဉ်၏ Black box ကို ဥရောပသို့ ပို့ဆောင်ကာ စစ်ဆေးမှုများပြုလုပ်မည် ဖြစ်သည်ဟု ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

အဆိုပါလေယာဉ်ပျက်ကျမှုနှင့်ပတ်သက်ပြီး မေးခွန်းများ မြင့်တက်လာခဲ့ခြင်းကြောင့် အထက်ပါအတိုင်း အစိုးရအဖွဲ့က စီစဉ်ခဲ့ခြင်းဖြစ်သည်။

အချိန်ကာလခြောက်လအတွင်း ဘိုးရင်းအမျိုးအစား လေယာဉ်နှစ်စင်း ပျက်ကျမှုဖြစ်စဉ် ဖြစ်ပေါ်ခဲ့ပြီးနောက် အမေရိကန် လေယာဉ်ကြီးအမျိုးအစားဖြစ်သည့် ဘိုးရင်းလေယာဉ်များအား ပြေးဆွဲပျံသန်းမှုကို တားမြစ်ပိတ်ပင်သင့်သည်ဟု ကမ္ဘာတစ်ဝန်းရှိ အစိုးရအဖွဲ့များအား တောင်းဆိုချက်များလည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

ပြီးခဲ့သော အောက်တိုဘာ ၂၉ ရက်က အင်ဒိုနီးရှားလေကြောင်းလိုင်းမှ ခရီးသည် ၁၈၉ ဦးသယ်ဆောင်လာသော ဘိုးရင်း 737 Max 8 လေယာဉ်သည် မြေပြင်မှထွက်ခွာပြီး ၁၂ မိနစ်အကြာတွင် ပျက်ကျခဲ့သည်။ မတ် ၁၀ ရက်တွင် ခရီးသည် ၁၅၇ ဦး သယ်ဆောင်လာသည့် အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဘိုးရင်း 737 Max 8 လေယာဉ်သည် မြေပြင်မှထွက်ခွာပြီး မကြာမီ အချိန်တွင် ပျက်ကျခဲ့သည်။

အီသီယိုးပီးယားလေကြောင်းလိုင်းမှ ဘိုးရင်းလေယာဉ်ပျက်ကျခဲ့ခြင်းသည် ဘိုးရင်းကုမ္ပဏီအနေဖြင့် ခရီးသည်များ၏လုံခြုံမှုကို အပြည့်အဝပေးနိုင်ခြင်းမရှိဟု ထင်မြင်ယူဆချက်များ ပိုမိုထွက်ပေါ်လာခဲ့သည်။



အီသီယိုးပီးယားလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ အာစ်ရတ်ဘီဂါရျောက ပျက်ကျသွားသည့် ဘိုးရင်း 737 Max 8 လေယာဉ်၏ လေယာဉ်အချက်အလက် မှတ်တမ်းများကို ဥရောပသို့ ပေးပို့ကာ စစ်ဆေးမှုများ ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မည်သည့်နိုင်ငံသို့ ပေးပို့မည်ဆိုသည်ကို ဘိုးရင်းကုမ္ပဏီအနေဖြင့် ဆုံးဖြတ်ချက်ချမှတ်ရမည်ဖြစ်သည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# အိုင်အက်စ်စစ်သွေးကြွ ၃၀၀ နှင့် ၎င်းတို့၏ မိသားစုဝင်များ အီရတ်မြောက်ဘက်ပိုင်းရှိ တောင်တစ်လုံးတွင် ပုန်းခိုနေဟုဆို

**ဘဂ္ဂဒက် မတ် ၁၃**

အစ္စလာမ္မစ်နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)မှ စစ်သွေးကြွဦးရေ ၃၀၀ ကျော်နှင့် ၎င်းတို့၏ မိသားစုဝင်များသည် အီရတ်နိုင်ငံမြောက်ပိုင်း နိုင်းဗက်ချ်ပြည်နယ်အတွင်းရှိ တောင်တစ်လုံးတွင် ခိုလှုံနေကြောင်း ဒေသတွင်း၌ ထုတ်ဝေသည့် သတင်းစာတစ်စောင်က မတ် ၁၃ ရက်တွင် ဖော်ပြခဲ့သည်။

နိုင်းဗက်ချ်ပြည်နယ်၏မြို့တော် မိုဆူးမြို့၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ အကွာရှိ မာ့ခ်မိုဟာမြို့အနီးရှိ ကွာရာချ်ကတောင်တွင် ၎င်းတို့ ခိုလှုံနေထိုင်ကြကြောင်း ကာဒစ်မျိုးချစ်သမဂ္ဂပါတီ (ပီယူကေ)၏ ထိပ်တန်းခေါင်းဆောင် ဂေယက်အယ်လ်ဆိုရာချီ၏ ပြောကြားချက်ကို ကောက်နုတ်၍ လွတ်လပ်သော သတင်းစာ အယ်လ်မာကွချ်၌ သတင်းဖော်ပြခဲ့သည်။

အဆိုပါတောင်တွင် အိုင်အက်စ်စစ်သွေးကြွများ တည်ရှိနေခြင်းသည် ပတ်ဝန်းကျင်ဒေသများအား လုံခြုံရေးအရ ခြိမ်းခြောက်မှုဖြစ်ကြောင်း အယ်လ်ဆိုရာချီက ဆက်လက်ပြောကြားသည်။

ယင်းအိုင်အက်စ်တို့ ခိုအောင်းရာနေရာအား ရှင်းလင်းရေးအတွက် စစ်ဆင်ရေး သို့မဟုတ် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုများကို အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် အမေရိကန်ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များက လုပ်ဆောင်ခြင်းမရှိသေး၍ အဆိုပါနေရာမှ လုံခြုံရေးဆိုင်ရာ ချိုးဖောက်မှုများ ဖြစ်ပွားနိုင်သည်ဟု ၎င်းက သတိပေးပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်အတွင်းက အီရတ်နိုင်ငံတစ်ဝန်းတွင် လုံခြုံရေးတပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများကို အပြည့်အဝ နှိမ်နင်းအနိုင်ယူနိုင်ခဲ့ပြီးနောက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ထူးခြားစွာတိုးတက်လာခဲ့သည်။

သို့သော် နိုင်ငံ၏ မြို့ပြဒေသများတွင် အိုင်အက်စ်အဖွဲ့၏ အင်အားစုများ ပြိုကွဲပျက်စီးခဲ့ပြီးနောက် ၎င်းတို့သည် သဲကန္တာရဒေသများနှင့် မြေမျက်နှာပြင်ခက်ထန်ကြမ်းတမ်းသော ဒေသများ၌ အင်အားများ ပြန်လည်စုဖွဲ့ကာ လုံခြုံစိတ်ချရသော ဒေသများဖန်တီးခဲ့ကြသည်။ ၎င်းဒေသများကို အခြေပြု၍ အိုင်အက်စ်စစ်သွေးကြွများက အချိန်တိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ပြည်သူများကို တိုက်ခိုက်ခဲ့ကြသည်။

**ဆင်ဟွာ**

# လေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးအတွက် ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ သုံးစွဲမည်

**ဆိုးလ် မတ် ၁၃**

တောင်ကိုရီးယားပါလီမန်က နိုင်ငံအတွင်း လေထုညစ်ညမ်းမှု အန္တရာယ် ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ အရေးပေါ်ဆောင်ရွက်ချက်များလုပ်ဆောင်ရန် ရသုံးငွေပမာဏကို ယနေ့ခွင့်ပြုခဲ့ကြောင်း သတင်းများအရ သိရသည်။

နိုင်ငံအတွင်းရှိ မြူမှုန်များပါဝင်သော လေထုညစ်ညမ်းမှုအဆင့်သည် ပြည်သူများ၏ကျန်းမာရေးကို ထိခိုက်စေရန် အလွန်အမင်း ဆိုးရွားလျက်ရှိသည့်အတွက် ပါလီမန်က အရေးပေါ် ဆောင်ရွက်မှုများ လုပ်ဆောင်နိုင်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တောင်ကိုရီးယား အစိုးရအဖွဲ့က လေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေးဆိုင်ရာ အထူးရသုံးငွေပမာဏ ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံခန့်ကို အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်ရန် အသုံးပြုမည်ဖြစ်သည်။ အဆိုပါ ငွေကြေးပမာဏကို ပါလီမန်ဥပဒေပြု အမတ်များက မတ် ၁၃ ရက်တွင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်မည့် အရေးပေါ်လုပ်ငန်းများတွင် စာသင်ခန်းများအတွင်း လေကောင်းလေသန့်ရရှိစေရန် လေသန့်စင်စက်များတပ်ဆင်ခြင်းများ ပါဝင်ကြောင်း သိရသည်။ အဆိုပါလေထုညစ်ညမ်းမှု ကာကွယ်တားဆီးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်မှုသည် သမ္မတ မွန်းဂျေအင်း ဦးဆောင်သော အစိုးရအဖွဲ့အတွက် အရေးကြီးသောကိစ္စရပ်များအနက် တစ်ခုအပါအဝင် ဖြစ်သည်။

တောင်ကိုရီးယား ပြည်သူများက လေထု ညစ်ညမ်းမှုများကြောင့် မလိုလားအပ်သော ကျန်းမာရေးဘေးဥပဒ်များ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ပူပန်လျက်ရှိကြသည်။ မော်တော်ယာဉ်များနှင့် စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်များသည် လေထုညစ်ညမ်းမှု အန္တရာယ်၏ အကြောင်းရင်းခံ ဖြစ်သော်လည်း တောင်ကိုရီးယား ပြည်သူများက တရုတ်နိုင်ငံမှ ထွက်ရှိပျံ့နှံ့လာသော လေထုညစ်ညမ်းမှုများကိုလည်း ပြစ်တင်ဝေဖန်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အသိမ်းပိုက်ခံကျွန်းများတွင် ရုရှားစစ်ရေးလေ့ကျင့်မှုအား ဂျပန်အစိုးရ ကန့်ကွက်

**တိုကျို မတ် ၁၃**

ကီတိုရိုဖုနှင့် ကူနာရှိရီကျွန်းများပေါ်တွင် ရုရှား၏စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခြင်းအပေါ် ဂျပန်အစိုးရက သံတမန်လမ်းကြောင်းမှတစ်ဆင့် ကန့်ကွက်မှုပြုလုပ်ခဲ့သည်။ အဆိုပါကျွန်းနှစ်ကျွန်းမှာ မြောက်ပိုင်းပိုင်နက်နယ်မြေတွင် ပါဝင်ပြီး ရုရှားနိုင်ငံက ထိန်းချုပ်ထားသည့် ကျွန်းလေးကျွန်းတွင် အပါအဝင်ဖြစ်ကာ အဆိုပါကျွန်းများကို ၎င်းတို့ပိုင်ဆိုင်နိုင်ကြောင်း ဂျပန်နိုင်ငံက တောင်းဆိုထားသည်။

ရုရှားနိုင်ငံက ထိန်းချုပ်ထားသည့် အဆိုပါကျွန်းများသည် ဂျပန်နိုင်ငံ၏ ပိုင်နက်နယ်မြေတွင်း၌ ရှိရင်းစွဲအစိတ်အပိုင်းများဖြစ်ကြောင်း ဂျပန်အစိုးရက မှတ်ယူထားပြီး ယင်းကျွန်းများကို ဒုတိယကမ္ဘာစစ်ကာလအပြီးတွင် တရားမဝင်သိမ်းပိုက်ခံထားရကြောင်း ပြောကြားခဲ့သည်။

မတ် ၁၂ ရက်တွင် အဆိုပါကျွန်းများ၌ ရုရှားစစ်ဘက်မှ စစ်သည်အင်အား ၅၀၀ နှင့်အတူ တင့်ကားများနှင့် အခြားအကြီးစားစစ်လက်နက်ပစ္စည်းများ ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုကို စတင်ပြုလုပ်ခဲ့သည်။ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် အသိမ်းပိုက်ခံကျွန်းများ၌ ရုရှား၏ စစ်ရေးတည်ဆောက်မှုကို ဦးတည်စေသည်ဟု ဂျပန်အစိုးရဝန်ကြီးဌာနသို့ ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ စစ်ရေးလေ့ကျင့်မှုသည် အဆိုပါကျွန်းများအပေါ် ဂျပန်နိုင်ငံက ထားရှိသည့် ရပ်တည်ချက်နှင့် သဟဇာတမဖြစ်ကြောင်း၊ လက်မခံနိုင်ကြောင်း ပြောကြားခဲ့သည်။

ရုရှားနိုင်ငံကမူ အဆိုပါကျွန်းများသည် မဟာဗျူဟာအရ အလွန်အရေးပါသည်ဟု ရှုမြင်ထားပြီး ယင်းကျွန်းများအနီး၌ စစ်ရေးလေ့ကျင့်မှုများကို ထပ်ကာတလဲလဲ ပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကိုကင်း ၁ ဒသမ ၅ တန် နီးပါး သိမ်းဆည်းရမိ

**နယူးယောက် မတ် ၁၃**

လမ်းပေါ်ပေါက်ဈေးအရ အမေရိကန်ဒေါ်လာ ၇၇ သန်းခန့် တန်ဖိုးရှိသည့် ကိုကင်း အလေးချိန် ၁ ဒသမ ၅ တန် နီးပါးကို သိမ်းဆည်းရမိကြောင်း အမေရိကန် အစိုးရတာဝန်ရှိသူများက မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ယခုသိမ်းဆည်းရမိသည့် ကိုကင်းပမာဏသည် လွန်ခဲ့သည့် ၂၅ နှစ်အတွင်း နယူးယောက် / နယူးဝပ်ခ်ဆိပ်ကမ်း၌ ပမာဏအကြီးမားဆုံး မူးယစ်ဆေးဝါးများဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလေးချိန်ပေါင် ၃၂၀၀ ရှိသည့် အဖြူရောင်ကိုကင်းမှုန့်များ ပါဝင်သည့် အထုပ်ပေါင်း ၆၀ ခန့်ကို အဆိုပါဆိပ်ကမ်းရှိ ကုန်သေတ္တာတစ်ခုအတွင်း၌ ရှာဖွေတွေ့ရှိသည်ဟု မူးယစ်ဆေးဝါးနှိမ်နင်းရေးအဖွဲ့က ပြောကြားသည်။

ယင်းမူးယစ်ဆေးဝါးများအား ရှာဖွေတွေ့ရှိမှုတွင် လူတစ်ဦးတစ်ယောက်ကိုမျှ ဖမ်းဆီးရမိခြင်းမရှိသော်လည်း စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေဆဲဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ ယခု သိမ်းဆည်းရမိသော ကိုကင်းပမာဏသည် နယူးဝပ်ခ်ဆိပ်ကမ်း၌ ဒုတိယအများဆုံး သိမ်းဆည်းရမိမှုဖြစ်ပြီး ၁၉၉၄ ခုနှစ် မေလမှစ၍ အများဆုံး သိမ်းဆည်းရမိမှုဖြစ်ကြောင်း (ဒီအီးအေ)မှ အထူးစုံစမ်းစစ်ဆေးသူ အကြီးအကဲ ရေးဒိုနိုဗန်က ပြောကြားသည်။

**အေအက်ဖ်ပီ**

# ချင်းတိုင်းရင်းသား MMA အားကစားသမားအား ချင်းပြည်နယ်ဝန်ကြီးချုပ် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေပေးအပ်

**ဟားခါး မတ် ၁၃**

ဘက်စုံသုံးကိုယ်ခံပညာပြိုင်ပွဲ (One Championship - MMA) ၌ အောင်ပွဲရ ချင်းတိုင်းရင်းသား MMA အားကစားသမားအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေပေးအပ်ပွဲကို ယမန်နေ့ညနေပိုင်းက ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး ချင်းတိုင်းရင်းသား MMA အားကစားသမား "The Dragon Leg" ခေါ် ဆလိုင်း Tial Cung Thang အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ၊ လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ချင်းတိုင်းရင်းသား MMA အားကစားသမား "The Dragon Leg" ခေါ် ဆလိုင်း Tial Cung Thang သည် မတ် ၈ ရက်က ရန်ကုန်မြို့တွင် ကျင်းပခဲ့သော ဘက်စုံသုံးကိုယ်ခံပညာပြိုင်ပွဲ၌ ကမ္ဘောဒီးယားနိုင်ငံသားကို အနိုင်ရရှိပြီး မြန်မာ့ဂုဏ်နှင့် ပြည်နယ်၏ဂုဏ်ကို ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**❖ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းမှ**

အခွင့်အရေးရခဲ့သော်လည်း တိုက်စစ်မှူးတေလာက ပင်နယ်တီကို ဝင်အောင်မသွင်းနိုင်၍ နစ်နာခဲ့ရသည်။ ချေပဂိုးရအောင် စွမ်းဆောင်နိုင်ခြင်းမရှိသည့် ချင်းယူနိုက်တက်အသင်းသည် ၃၅ မိနစ်တွင် ဂိုးထပ်ပေးလိုက်ရပြီး ခင်ကျော်ဝင်းက အား/ကာသိပ္ပံအသင်းအတွက် ဒုတိယဂိုး သွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီးတွင် ချင်းယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ဆာကေးက ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ချင်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံဂိုးသမား ဇင်ညီညီအောင် လက်စွမ်းပြကာကွယ်နေ၍ ချေပဂိုးနှင့်ဝေးခဲ့ရကာ ပထမပိုင်းရလဒ်အတိုင်း အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် တက္ကသိုလ်အသင်းက ရှိုင်ရယ်သန်လျင်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှိုင်ရယ်သန်လျင်အသင်းသည် ၃၊ ၁၈ မိနစ်တွင် စိုင်းဖိုင်းမွန် သွင်းယူသည့် နှစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း လေးဂိုးပြန်ပေးခဲ့ရသောကြောင့် တက္ကသိုလ်အသင်းကို အရေးနိမ့်ကာ ပထမအဆင့်မှ ထွက်ခဲ့ရသည်။ တက္ကသိုလ်အသင်းအတွက် ချေပဂိုးများကို ၂၂ မိနစ်တွင် ပြည့်ဖြိုးကျော်၊ ၂၈ မိနစ်တွင် ရဲမင်းဦးတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး တက္ကသိုလ်အသင်းအတွက် အနိုင်ဂိုးများကို ၆၄ မိနစ်တွင် ပြည့်ဖြိုးကျော်၊ ၈၇ မိနစ်တွင် လပြည့်ဟိန်းတို့က သွင်းယူခဲ့သည်။ သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀ တွင် သက်ပိုင်ကို၊ ၇၂ မိနစ်တွင် လှမျိုးခိုင်တို့က သွင်းယူခဲ့သည်။

ပထမအဆင့် (ဒုတိယနေ့)ကို မတ် ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ မောရဝတီအသင်းနှင့် ဒဂုံအသင်း၊ အောင်ဆန်းကွင်း၌ Chinland အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

# Taiwan Open 2019 အကြီးတန်းအဆင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် ပထမရရှိခဲ့သော စားပွဲတင်တင်းနစ်ကစားသမား ကြည်မြင့် ရန်ကုန်သို့ ပြန်လည်ရောက်ရှိ




**ရန်ကုန် မတ် ၁၃**

တရုတ်တိုင်ပေတွင် မတ် ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သော Taiwan Open 2019 အကြီးတန်းအဆင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကြည်မြင့်က ရွှေတံဆိပ်ဆုရရှိခဲ့သည်။ ပထမရရှိခဲ့သော စားပွဲတင်တင်းနစ် ကစားသမား ကြည်မြင့်သည် ယနေ့နံနက် ၉ နာရီ မိနစ် ၅၀ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် အမှုဆောင်များ၊ စားပွဲတင်တင်းနစ် အားကစားသမားများ၊ မိဘဆွေမျိုးများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အိမ်ရှင် တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ ဂွါတီမာလာ၊ ဂျပန်နှင့် သြစတြေးလျနိုင်ငံတို့မှ ကစားသမားပြိုင်ပွဲဝင်ဦးရေ ၈၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ကစားခဲ့ကြရာ မြန်မာနိုင်ငံမှ ကြည်မြင့်က ဗိုလ်လုပွဲတွင် ဂွါတီမာလာနိုင်ငံမှ ကစားသမားကို အနိုင်ရရှိကာ ရွှေတံဆိပ်ဆုကို ထိုက်တန်စွာရရှိခဲ့ပြီး မြန်မာနိုင်ငံက ပထမ ၊ ဂွါတီမာလာ နိုင်ငံက ဒုတိယနှင့် တရုတ်တိုင်ပေက တတိယဆုများ ရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၆) ထုတ်ဝေဖြန့်ချိ

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၆)ကို ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၁၅-၃-၂၀၁၉ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၆)၊ အမှတ်(၆)တွင် "ဖောဆိုမှဖော အပြောနဲ့တော့ မရနိုင်ဘူး ထိထိရောက်ရောက် ကာကွယ်နှိမ်နင်းမှဖြစ်မယ်၊ တောင်သူလယ်သမားများ နားလည်ရန် ရိုးရှင်းသော မြေယာဥပဒေဖြစ်ရန် လိုအပ်၊ ပဲမျိုးစုံအပင်ပေါက်ကောင်းစေရန် ရေစိမ်အခြောက်ခံပြီး စိုက်ပါ၊ သစ်ခွပန်းပင်များ စိတ်ဝင်တစား ဝယ်ယူမှုများလာ၊ တရုတ်သို့ တင်ပို့ရန်အတွက် ဆီးဝတ်ဆံများအား ဈေးကောင်းပေး ဝယ်ယူလျက်ရှိ" စသည့် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "တိရစ္ဆာန်များနှင့် ဆေးယဉ်ပါးမှုပြဿနာ၊ ပုစွန်မွေးမြူထုတ်လုပ်ခြင်းဖြင့် ရေရှည်အကျိုးရှိသော စီးပွားရေးအဖြစ် ရပ်တည်နိုင်၊ ဝက်မွေးမြူရေးလုပ်ငန်းနှင့် ဝက်များ၏ အမူအကျင့်များ၊ ရေနံချောင်းမြို့နယ် နတ်မောက်မြို့တွင် သိုးမွေးမြူသူများ တွက်ခြေကိုက်နေ" စသည့် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများနှင့် သတင်းများ၊ "စီးပွားရေးတွက်ခြေကိုက်ပြီး ရာသီမရွေး စိုက်ပျိုးရောင်းချနိုင်သည့် ငွေနှင်းမှို" ခေါင်းစဉ်ဖြင့် အင်တာဗျူးတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အတူ ဆရာကြီးလယ်တွင်းသားစောချစ်၏ "ဒုတိယအရွယ်" အခန်းဆက်ဝတ္ထုရှည်၊ "မကြင်နာ တတ်သော နတ်သူငယ်မလေး" ပုံပြင်၊ "တိုးတက်စီးပွား ပြည့်ခွန်အားနှင့် စွမ်းပကားခက်ဝေ ဖြိုးပြည့်စေရေး၊ ဆောင်းနှောင်းကာလ တပေါင်းလနှင့် သဲပုံစေတီပွဲတော်၊ အဟောအပြော" စသည့် သုတရသ ဆောင်းပါးများ၊ "အဆိပ်ရေ၊ ဆေးဖက်ဝင် မြင်းခွာရွက်၊ တင်းတိပ်ကင်းစင်သော အလှတရားနှင့် အမျိုးသမီးများ၊ သွားကိုက် ဝေဒနာ သက်သာရာ" စသည့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများလည်း ဖော်ပြပါရှိကြောင်း သိရသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ သတင်းနှင့် ဆောင်းပါးများ၊ ဒို့ကျေးရွာ ပေးစာ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာ သတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

ဂုဏ်ရည်ဆေးတိုက်

ဂုဏ်ရည် ®
အမှတ်တံဆိပ်

ဂရင်ဂျီနာ၊ အတွင်းအပြင်လိပ်ခေါင်းရောဂါ၊ ဆီးချို၊ သွေးချိုကျဆေး၊ ဆီးကျိတ်ရောဂါ၊
အဆစ်ရောင်ကိုက်လေးဖက်နာ၊ အဆီကျဆေး၊ သွေးတိုးရောဂါ၊ ချောင်းဆိုးရင်ကျပ်၊
အသည်းရောဂါ၊ အရိုးအကြောရောဂါ၊ ဆီးရောဂါ၊ အဖျားရောဂါ၊
အကျိတ်ရောဂါအတွက် အစွမ်းထက်ဆေးများကို ပင်ရင်းလိပ်စာနှင့်
အမြို့မြို့ဆေးဆိုင်တိုင်းတွင် ရရှိနိုင်ပါသည်။

ကြော်ငြာခွင့်ပြုချက်အမှတ်-
တဆထက (စာနယ်ဇင်း) ၀၅၄/၀၅၁၃

၈၂(၂)၊ သာယာကုန်းလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မှ အထက်ပါရောဂါများအတွက်
အစွမ်းထက်တိုင်းရင်းဆေးများရရှိနိုင်ပါသည်။
အချိန် - နံနက်(၁၀:၀၀)နာရီမှ ညနေ(၅:၀၀)နာရီအထိ (တနင်္ဂနွေနေ့ပိတ်သည်။)
ဖုန်း - ၀၉ ၇၇၇၇၇ ၃၃၁၄၊ ၀၉ ၇၇၇၇၇ ၃၃၁၅၊ ၀၁ ၆၄၁၅၀၁၊ ၀၉ ၉၇၀၀၅၀၀၅၀



# မောင်တော၊ လောက်ကိုင်၊ မူဆယ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**

တပ်မတော်(ရေ)မှ မောင်တောမြို့နယ် ဦးစောလှကျွန်း၏မြောက်ဘက် နတ်မြစ်အတွင်း မတ် ၁၁ ရက် ည ၁၁ နာရီခွဲကျော်က လက်ခတ်လှေတစ်စင်းနှင့်အတူ နော်ဘီအူလာနှင့် မိုဟာမက်ဂျူဘိုင်တို့နှစ်ဦးအားတွေ့ရှိ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၆၁၀ ကိုလည်းကောင်း၊ အလားတူ မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီက နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များက လောက်ကိုင်မြို့နယ် ဟဲဟော်ကျေးရွာအနီး ဖျင်ပါးရွှေ- ဟဲဟော်-ဟွာတီရှမ်းကျေးရွာလမ်းတွင် တွမ်အဲမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၁၇၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ စွမ်စော်ရပ်ကွက် စွမ်စော်(၃)လမ်း စိန်ကမ္ဘာတိုက်တန်း အခန်းအမှတ်(G-8)နေ ညီထွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၇၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



တွမ်အဲအား စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဥ်။

# ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၂ ရက်တွင် မန္တလေး - မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၀၈ စီး၊ သွင်းကုန် ၅၁၄ စီး၊ ရန်ကုန် - မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ခုနစ်စီး၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက်တွင် ရေပူ အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၃၈ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၉၉၄ သန်း) စုစုပေါင်းတားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၃၇၄ သန်း) တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်၊ ကားအပိုပစ္စည်း၊ လူသုံးကုန်၊ ကွန်ပျူတာဆက်စပ်ပစ္စည်း၊ စားသောက်ကုန်နှင့် GPS အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဥ်**

# ကျောက်ထု -ပေါက်- ပခုက္ကူလမ်းနှင့် တောင်ငူ၊ လှည်းကူးမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ မတ် ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းအဖွဲ့သည် လှည်းကူးမြို့နယ် အမှတ်(၃)လမ်း မိုင်တိုင်အမှတ်(၁/၄) စက်ယန္တရားများထားရှိသည့်ဝင်းအတွင်း၌ 8I/---- ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသား ၂၉ ချောင်း (၁ ဒသမ ၆၄၇၈ တန်)၊ အလားတူ တောင်ငူခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် သတင်းအရ တောင်ငူမြို့နယ် လိပ်သိုလမ်းခွဲ မိုင်တိုင်အမှတ်(၁၅/၁) အနီးနှင့် ပိန္နဲပင်ကျေးရွာအနီးတို့တွင် ခြောက်ဘီးယာဉ်နှစ်စီးပေါ်မှ တရားမဝင်ပိတောက်ခွဲသား စုစုပေါင်း ၈ ဒသမ ၈၂၃၀ တန်အား သိမ်းဆည်းရမိသည်။



မတ် ၁၂ ရက်တွင် ပေါက်မြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ကွင်းဆင်းစစ်ဆေးရာ ကျောက်ထု-ပေါက်-ပခုက္ကူ ကားလမ်းမိုင်တိုင်အမှတ် (၆၁/၇) နှင့် (၆၂/၀) ကြား နေရာ၌ ရပ်တန့်ထားသော ၁၂ ဘီးယာဉ်အားစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားမဝင်ပိတောက်ခွဲသားများ ၁၀ တန်ခန့် တင်ဆောင်ထားသည်ကို စစ်ဆေးတွေ့ရှိရပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# ရန်ကုန်၊ မြောင်းမြ၊ အင်္ဂပူနှင့် မြင်းမူမြို့တို့တွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် မြို့ဟောင်းအလယ်ရပ်ကွက်၌ မတ် ၁၃ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်က အဲကွန်းဝါယာကြိုး အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သန်လျင်မြို့ မြို့ဟောင်းအလယ်ရပ်ကွက် ဗိုလ်ချုပ်နေဝင်းလမ်းမဘေး အမှတ် (၂၃) နေ ဦးရန်နောင်၏နေအိမ် စတိုခန်းဘေးရှိ အဲကွန်းဝါယာကြိုး အပူလွန်ကဲရာမှ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

**သက်ခိုင် (သန်လျင်)**

**မြောင်းမြ**

မြောင်းမြမြို့နယ် ငါးမြင်းချောင်းကျေးရွာ၌ မတ် ၁၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ထမင်းအိုးတည်ရာမှ နေအိမ်ကိုးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြောင်းမြမြို့နယ် ငါးမြင်းချောင်းကျေးရွာမှ နန့်တိုတေးသည် ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲက နေအိမ်၌ ထမင်းအိုးတည်ထားပြီး နေအိမ်ရှေ့ ဈေးဆိုင်သို့ ဈေးသွားဝယ်နေစဉ် မီးဖိုမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး ကျေးရွာပြည်သူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲတွင် မီးငြှိမ်းသတ်နိုင်ခဲ့သည်။

**အောင်မင်း(မြောင်းမြ)**

**အင်္ဂပူ**

အင်္ဂပူမြို့နယ် ညောင်ကျိုးဒေသ ကညင်တပင်ကျေးရွာနေ ဒေါ်ကြည်မြင့်၏ နေအိမ်တွင် မတ် ၁၃ ရက် နံနက် ၈ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

**မြင်းမူ**

မြင်းမူမြို့နယ် မူးဝရွာထောင်ကျေးရွာတွင် မတ် ၁၂ ရက် မွန်းလွဲ ၂ နာရီ ၂၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

# တာချီလိတ်မြို့တွင် ဒေါ်လာငွေအတုများဖြင့် ငွေလာလဲသူ ထိုင်းနိုင်ငံသားတစ်ဦးကို ဖမ်းဆီးရမိ

**တာချီလိတ် မတ် ၁၃**


မြန်မာ - ထိုင်းနယ်စပ်ဒေသ တာချီလိတ်မြို့ တာလေ့ရပ်ကွက်အတွင်းရှိ ငွေလဲဆိုင်တစ်ဆိုင်တွင် မတ် ၁၂ ရက်က အမေရိကန်ဒေါ်လာငွေလာရောက်လဲလှယ်သည့် ထိုင်းနိုင်ငံသားတစ်ဦးထံမှ ဒေါ်လာ ၁၀၀ တန်အတု ၁၉ ရွက်ကို သိမ်းဆည်းရမိ၍ တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


ထိုင်းနိုင်ငံသား မယ်ဆိုင်မြို့တွင် နေထိုင်သူ Mr.Ekka Phone Kaew Thong က ယင်းနေ့ ညနေ ၃ နာရီခန့်တွင် တာလေ့ရပ်ကွက်အတွင်းရှိ ငွေလဲဆိုင်၌ အမေရိကန်ဒေါ်လာငွေများကို လာရောက်လဲလှယ်ရာမှ မသင်္ကာ၍ ဖုန်းဆက်အကြောင်းကြားသဖြင့် တာချီလိတ်မြို့မရဲစခန်းမှ ဒုတိယနယ်ထိန်းခေါင်းဆောင် ရဲအရာခံ ကျော်ဇေယျနှင့် သက်သေများပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၀ တန် ငွေစက္ကူအတု ၁၉ ရွက်နှင့်အတူ လက်ကိုင်ဖုန်းတစ်လုံး၊ နိုင်ငံကူးလက်မှတ်စာအုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ Mr. Ekka Phone Kaew Thong အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။


**ခရိုင်(ပြန်/ဆက်)**

"Chinese New Year Promotion"
12 လစာ ပေးရုံဖြင့် 15 လစာ နေထိုင်နိုင်မည့်အခွင့်အရေး




➤ လှိုင်သာယာမြို့နယ်၊ ရွှေကမ်းသာယာအိမ်ရာရှိ ၂ထပ်လုံးချင်းဆိုင်ခန်းများ၊ ၂ထပ်လုံးချင်းအိမ်များအား ကုမ္ပဏီမှတိုက်ရိုက်ငှားရမ်းပေးနေပါပြီ။
➤ အကျိုးဆောင်ခပေးရန်မလိုပါ၊ အရေအတွက်ကန့်သတ်ထားပါသည်။



ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၀၉-၇၃၀၅၄၄၂၄၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# တီထွင်မှုမူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် တီထွင်မှုကို တီထွင်မှုမူပိုင်ခွင့် လျှောက်ထားရာတွင် အဆိုပါတီထွင်မှုသည် ယခင် အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏အလုပ်သမားက ပြုလုပ်ရရှိသည့် တီထွင်မှုဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရပြုလုပ်ခဲ့သည့် တီထွင်မှုဖြစ်သည်ဟု မှတ်ယူပြီး ယခင်အလုပ်ရှင်က အဆိုပါ တီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေ တစ်ရပ်ရပ်၌ အလုပ်သမားကသာ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါတီထွင်မှုအပေါ် လျှောက်ထားမှု မရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့်သက်သေခံအထောက်အထား အပေါ် ယခင် အလုပ်ရှင်က ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားကလျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့် ဆက်နွှယ်နေသော တီထွင်မှုတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကိုအသုံးပြု၍ အလုပ်သမားက ပြုလုပ်ရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အလုပ်သမားကသာ ယင်းတီထွင်မှုမူပိုင်ခွင့်ကို လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ (ဂ) နှင့် (ဃ) တို့တွင်ဖော်ပြထားသော တီထွင်မှု ပြုလုပ်ခြင်းမှတစ်ပါး အခြားသောတီထွင်မှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် ယင်းတီထွင်မှုအတွက် တီထွင်မှုမူပိုင်ခွင့်ကို အလုပ်သမားကသာ လျှောက်ထားခွင့်ရှိသည်။

**အခန်း (၁၀)**

**လျှောက်ထားခြင်း**

၁၈။ ဤဥပဒေအရ တီထွင်မှုမူပိုင်ခွင့်လျှောက်ထားခွင့်ရှိသူသည် တီထွင်မှုမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို ရရှိလိုပါက တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် သတ်မှတ်ချက်နှင့်အညီ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၁၉။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေ ရေးသားနိုင်သည်။

(ခ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၂၀။ (က) တီထွင်မှုမူပိုင်ခွင့်လျှောက်ထားသူသည် လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည်-

(၁) တီထွင်မှုမူပိုင်ခွင့်ကို ခွင့်ပြုပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းနှင့် တီထွင်သူတို့၏ အမည်၊ နိုင်ငံသားနှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် နေရပ်လိပ်စာ၊

(၄) ပြည့်စုံစွာဖော်ပြထားသော တီထွင်မှုဆိုင်ရာဖော်ပြချက်၊

(၅) တီထွင်မှုအမည်နှင့် တီထွင်မှုဆိုင်ရာ အကျဉ်းချုပ်ဖော်ပြချက်၊

(၆) သတ်မှတ်ချက်နှင့်အညီ ဖော်ပြထားသည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက်များ။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည်-

(၁) လျှောက်ထားသူတွင် အရေးပါသည့် စက်မှုလက်မှုလုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်းရှိပါက ယင်းတို့၏ လိပ်စာနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါအဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၃) တီထွင်မှုကို နားလည်သဘောပေါက်စေရန် ရေးဆွဲချက်များ ရှိခဲ့လျှင် ရေးဆွဲချက်များ၊

(၄) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ဦးစားပေး အခွင့်အရေး တောင်းဆိုချက်၊

(၅) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊ ဖော်ပြချက်တို့နှင့်အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၆) ပူးတွဲလျှောက်ထားသူများအနက်မှ တစ်ဦးဦးက ပူးတွဲလျှောက်ထားသူများအားလုံး၏ကိုယ်စား လျှောက်ထားချက်ကို လက်မှတ်ရေးထိုးထားခြင်းဖြစ်လျှင် ကျန်ပူးတွဲလျှောက်ထားသူများ၏ စာဖြင့်ရေးသားထားသည့် သဘောတူညီချက်၊

(၇) မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များနှင့် ထိုအရင်းအမြစ်များနှင့် ပေါင်းစပ်သည် ဖြစ်စေ၊ မပေါင်းစပ်ဘဲဖြစ်စေ တည်ရှိနေသော ရိုးရာအသိပညာတစ်ရပ်ရပ်တို့အား တရားဝင်ရယူသုံးစွဲထားကြောင်းနှင့် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားကြောင်း ဖော်ပြချက်၊

(၈) ဆောလျင်စွာ ထုတ်ပြန်ကြေညာပေးရန် လျှောက်ထားလိုပါက ထိုသို့ကြေညာပေးရန် တောင်းဆိုချက်၊

(၉) အေဂျင်စီနှင့် ဦးစီးဌာနတို့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၁။ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းပြီး ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့်နေ့သည် နိုင်ငံတော်တွင် လျှောက်ထားချက် တင်သွင်းသည့်နေ့ဖြစ်သည်ဟု မှတ်ယူရမည်။

၂၂။ (က) တီထွင်မှုဆိုင်ရာဖော်ပြချက်သည် သာမန်တတ်ကျွမ်းသူတစ်ဦးက အဆိုပါတီထွင်မှုကို လုပ်ဆောင်နိုင်ရန် ထုတ်ဖော်ရေးသားချက် ဖြစ်ရမည်ဖြစ်ပြီး အဆိုပါ ရေးသားချက်တွင် လျှောက်ထားသည့်နေ့ သို့မဟုတ် ဦးစားပေးအခွင့်အရေး တောင်းဆိုပါက ဦးစားပေး အခွင့်အရေး တောင်းဆိုသည့်နေ့၌ တီထွင်သူသိရှိထားသည့် အကောင်းဆုံးနည်းလမ်းဖြင့် ဖော်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တောင်းဆိုထားသော တီထွင်မှုအတွက် ထုတ်ဖော်ပြသချက်သည် လျှောက်ထားသောနေ့ရက်တွင် သက်ဆိုင်ရာ ပညာရပ်နယ်ပယ်၌ သာမန်တတ်ကျွမ်းသူက ယင်းတီထွင်မှုကို အသုံးချရန် သို့မဟုတ် ပြုလုပ်ရန် ခွင့်ပြုနိုင်သည့် လုံလောက်သော သတင်းအချက်အလက်များကို ထည့်သွင်းတင်ပြထားပါက အဆိုပါ ထုတ်ဖော်ပြသချက်ကို လွန်ကဲသော စမ်းသပ်စစ်ဆေးမှု မပြုဘဲ လုံလောက်စွာ ပြည့်စုံရှင်းလင်းသည်ဟု မှတ်ယူရမည်။

(ဂ) အကာအကွယ်ရရှိရန် တောင်းဆိုထားသော တီထွင်မှုကို ပြုလုပ်ရာ၌ နိုင်ငံတော်နယ်နိမိတ်အတွင်းမှ မျိုးရိုးဗီဇ သို့မဟုတ် ဇီဝအရင်းအမြစ်များ၏ ဇာစ်မြစ်ကိုသော်လည်းကောင်း၊ အဆိုပါ အရင်းအမြစ်များနှင့် ဆက်စပ်မှုရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ရိုးရာအသိပညာဆိုင်ရာ အချက်အလက်များကိုသော်လည်းကောင်း ကြိုတင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုထားပါက ယင်းတို့အား တီထွင်မှုဆိုင်ရာဖော်ပြချက်တွင် ရှင်းလင်းစွာ သတ်မှတ်ဖော်ပြပေးရမည်။

၂၃။ (က) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များတွင် အကာအကွယ်ပေးစေလိုသည့်အချက်ကို သတ်မှတ်ဖော်ပြပေးရမည်ဖြစ်သည်။

(ခ) တီထွင်မှုမူပိုင်ခွင့်ပေးရန် တောင်းဆိုချက် သို့မဟုတ် တောင်းဆိုချက်များသည် ရှင်းလင်း၍ ကျစ်လျစ်ပြည့်စုံရမည်။ ယင်းတို့ကို ရှင်းလင်းရာတွင် ဖော်ပြချက်နှင့် ရေးဆွဲချက်များကို အသုံးပြုနိုင်သည်။

၂၄။ (က) သီးခြားစီ တီထွင်ခဲ့သည့် တူညီသောတီထွင်မှုတစ်ခုကို မတူညီသောနေ့အသီးသီးတွင် တစ်ဦးထက်ပိုသူများက လျှောက်ထားရာ၌ အဆိုပါလျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်ကို ဦးစွာတင်သွင်းသူအား မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုရာ၌ အဆိုပါလျှောက်ထားချက်များအပေါ် အငြင်းပွားဖွယ်ရာဖြစ်ပေါ်လာခဲ့လျှင် မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်များနှင့် ညီညွတ်သော လျှောက်ထားချက်တွင် ဦးစားပေးအခွင့်အရေးနေ့ အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၅။ သီးခြားစီ တီထွင်ခဲ့သည့် တူညီသော တီထွင်မှုတစ်ခုနှင့်စပ်လျဉ်း၍ တီထွင်မှုမူပိုင်ခွင့်ရရှိရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆိုလျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏ အမည်ကို သတ်မှတ်သည့် ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့ အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ တီထွင်မှု မူပိုင်ခွင့်လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်း ခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း လျှောက်ထားသူများသည် ယင်းတို့အချင်းချင်း သဘောတူညီမှု မရရှိခဲ့လျှင် မှတ်ပုံတင်အရာရှိ၏ သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ဆုံးဖြတ်ခြင်းကို လိုက်နာရမည်။

၂၆။ (က) တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် လျှောက်ထားသည့်နေ့ရက်မှ ၃၆ လ အတွင်း လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အသေးစိတ်စစ်ဆေးပေးရန် သတ်မှတ်သည့် အခကြေးငွေကို သွင်းပြီး မှတ်ပုံတင်အရာရှိထံ တောင်းဆိုရမည်။ မှတ်ပုံတင်အရာရှိသည် ယင်းတောင်းဆိုချက်ကို သတ်မှတ်သည့်နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသော သတ်မှတ်ကာလအတွင်း စစ်ဆေးပေးရန် တောင်းဆိုခြင်း မရှိပါက တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်ကို စွန့်လွှတ်သည်ဟု မှတ်ယူမည်ဖြစ်သည်။

၂၇။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားချက်သည် တီထွင်မှုတစ်ခုနှင့်သာ သို့မဟုတ် ယေဘုယျတီထွင်ကြံဆမှု သဘောတရားတစ်ခုဖြစ်လာရန် ဆက်စပ်နေသော တီထွင်မှုတစ်စုနှင့်သာ သက်ဆိုင်ရမည်။

၂၈။ တီထွင်မှုမူပိုင်ခွင့် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက တီထွင်မှုမူပိုင်ခွင့်ကို မှတ်ပုံတင်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အေဂျင်စီက ဆုံးဖြတ်ချက်မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထား တစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားအမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ တီထွင်မှုမူပိုင်ခွင့် ခွင့်ပြုချိန်မတိုင်မီအထိ ပြင်ဆင်နိုင်သည်။

(ဂ) (၁) ပုဒ်မ ၂၇ နှင့် ညီညွတ်ခြင်းမရှိသည့် လျှောက်ထားချက်ကို မူလလျှောက်ထားချက်ပါ ဖော်ပြချက်များထက် မကျော်လွန်စေဘဲ ခွင့်ပြုမည့်အချိန်အထိ တစ်ခုထက်ပိုသော လျှောက်ထားချက်အခွဲများအဖြစ် ခွဲ၍သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ **(ဆက်လက်ဖော်ပြပါမည်)**

# တက္ကသိုလ်တွေ လွတ်လပ်စွာရပ်တည်နိုင်အောင် ဆောင်ရွက်နေသလို တစ်ဖက်ကလည်း တိုးတက်မှုနဲ့ လုပ်ဆောင်မှုအရှိန်မကျအောင် ဘာသာရပ်ဖွံ့ဖြိုးရေးအဖွဲ့လုပ်ငန်းကော်မတီက တောက်လျှောက်ကူညီပေးထားပါတယ်

ဒေါက်တာဆင့်စိုး

## ပါမောက္ခချုပ်များကော်မတီ ဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်း

ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ ပညာရေးစကားဝိုင်းကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့သည်။ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ပါမောက္ခချုပ်များကော်မတီဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုး၊ ပါမောက္ခချုပ်များကော်မတီ ဒုတိယဥက္ကဋ္ဌ မန္တလေးနည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဆင့်စိုး၊ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင် ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမီမီသက်သွင်၊ ပါမောက္ခချုပ်များကော်မတီ ဗဟိုအလုပ်အမှုဆောင် သမဝါယမတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းတို့၏ ပါဝင်ဆွေးနွေးမှုများကို ဖော်ပြလိုက်ပါသည်။

သတင်းအဖွဲ့

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။** ။ဒီတက္ကသိုလ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ငန်းကော်မတီအနေနဲ့ ဆရာတို့လက်ရှိမှာ ဆောင်ရွက်နေတဲ့ အချက်လေးတွေကိုလည်း သိပါရစေ။

**ဒေါက်တာဆင့်စိုး။** ။အခုကျွန်တော်တို့တက္ကသိုလ်တွေအတွက်က အမျိုးသားပညာရေးဥပဒေရဲ့ ပြဋ္ဌာန်းချက်တွေရဲ့အောက်မှာ အမျိုးသားပညာရေးမူဝါဒကော်မရှင်ရဲ့မူတွေနဲ့အညီ ပညာရေးပန်းတိုင်ကို အားလုံးကြိုးစားပြီးတော့ ဆောင်ရွက်နေကြတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ တက္ကသိုလ်တွေအနေနဲ့ လွတ်လပ်တဲ့ သင်ကြားမှု၊ သင်ယူမှုနဲ့ လွတ်လပ်တဲ့ စီမံခန့်ခွဲမှုတွေ ကျွန်တော်တို့ကိုယ်တိုင်ကျင့်သုံးပြီးတော့ ဆောင်ရွက်ရမယ်ဆိုတာ တော်တော်လေး အဓိကကျပါတယ်။ ဒါမှလည်းပဲ ကျွန်တော်တို့ မျှော်မှန်းတဲ့ ယှဉ်ပြိုင်တဲ့ အခင်းအကျင်းတစ်ခုပါ။

ယှဉ်ပြိုင်မှုသည် တိုးတက်မှုကို ဆက်စပ်တယ်။ အဲဒီတော့ ယှဉ်ပြိုင်မှု အခင်းအကျင်း တစ်ခုရဲ့အောက်မှာ ကျွန်တော်တို့ အဆင့်မြင့်ပညာရေးရဲ့ ပညာရေးအဆင့်အတန်းတွေဟာလည်း တိုးတက်လာမယ်။ ယခင်က ကျွန်တော်တို့ တက္ကသိုလ်တွေရဲ့စီမံခန့်ခွဲမှုတွေက အဆင့်ဆင့်သော စီမံခန့်ခွဲမှုတွေရဲ့အောက်မှာ နှစ်ပေါင်းများစွာ လမ်းညွှန်ချက်တွေပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်တယ်ဆိုတဲ့ လုပ်ငန်းစဉ်ပဲ ကျွန်တော်တို့ ဆောင်ရွက်ခဲ့တယ်။ ဒီနေ့ တက္ကသိုလ်တွေဟာ ကိုယ့်တက္ကသိုလ်ကောင်စီ၊ ကိုယ့်တက္ကသိုလ်ရဲ့ပညာရေးအဖွဲ့၊ စီမံခန့်ခွဲရေးအဖွဲ့တွေနဲ့ ကိုယ်ကိုယ်တိုင်လုပ်ကြရမယ်ဆိုတော့ ဒီနေ့အတွေ့အကြုံအရ ကျွန်တော်တို့လိုနေတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီလိုနေတဲ့ကွက်လပ်ကို ပါမောက္ခချုပ်များကော်မတီက တက္ကသိုလ်တစ်ခု သူ့တက္ကသိုလ်နဲ့သူ လွတ်လွတ်လပ်လပ်နဲ့ ကဏ္ဍအသီးသီးမှာ စီမံခန့်ခွဲနိုင်ဖို့ လုပ်ရမယ့်အလုပ်တွေ၊ လုပ်ငန်းစဉ်တွေကို ကျွန်တော်တို့ လုပ်ပေးဖို့၊ ကူညီပေးဖို့လိုတယ်လို့ ဒီလိုပဲမြင်ပါတယ်။ နောင်တစ်ချိန်မှာ တက္ကသိုလ်တွေဟာ ဒီမှာဆိုရင် လုပ်ငန်းကော်မတီ ကိုးခု ဖွဲ့ထားပါတယ်။ အဲဒီလုပ်ငန်းကော်မတီကိုးခုဟာ တက္ကသိုလ်တစ်ခု တည်ထောင်လို့ရှိရင် လုပ်ရမယ့် အဓိကကျတဲ့ လုပ်ငန်းစဉ်ကြီးတွေကိုပဲ အခြေခံပြီးတော့ လုပ်ငန်းကော်မတီအနေနဲ့ ဖွဲ့စည်းထားတာဖြစ်ပါတယ်။

### လုပ်ငန်းလမ်းညွှန်ရေးဆွဲ

အဲဒီကော်မတီကနေပြီးတော့ သူတို့နဲ့ သက်ဆိုင်တဲ့ တက္ကသိုလ်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမယ့်လုပ်ငန်းမှာ ဘယ်လိုတွေလုပ်ကြရမယ်၊ ဘယ်လိုတွေ အကောင်အထည်ဖော်ကြရမယ်ဆိုတဲ့ လမ်းညွှန် အခုခေတ်စကားနဲ့ပြောရရင် SOP ပါ။ သူတို့ရဲ့လုပ်ငန်းစဉ် ဆိုင်ရာတွေကို လုပ်ငန်းကော်မတီတွေကနေ ရေးဆွဲပြီးတော့ အဲဒီရေးဆွဲထားတဲ့ လုပ်ငန်းလမ်းညွှန်တွေကို သက်ဆိုင်ရာ တက္ကသိုလ်တွေကို ပြန်ချပေး၊ အဲဒီတက္ကသိုလ်တွေရဲ့ အကြံပြုချက်တွေကိုယူ၊ ယူပြီးရင် အဲဒီတက္ကသိုလ်တွေကပဲ ပြန်ပြီးတော့ ဒီလုပ်ငန်းစဉ်အတိုင်း ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်မယ်လို့ ကျွန်တော်တို့ ဒီလိုစဉ်းစားထားပါတယ်။ အခုဆိုရင် လုပ်ငန်းကော်မတီ ကိုးခုကနေပြီးတော့ သူ့ကော်မတီအလိုက် တက္ကသိုလ်မှာ အကောင်အထည်ဖော်ဆောင်ရွက်ရင် အဆင်ပြေမယ်ဆိုတဲ့ လုပ်ငန်းလမ်းညွှန်တွေကို အကြမ်းရေးဆွဲထားပြီးတော့ အခုဖြန့်ထားပြီ။ ဒါတွေကို ကျွန်တော်တို့က တက္ကသိုလ်တွေအတွက်ကို ဒီ Guide book တွေ၊ လုပ်ငန်းလက်စွဲတွေ ကျွန်တော်တို့ ရသွားပြီဆိုရင် အဲဒီတက္ကသိုလ်တွေနဲ့ ဒီဟာတွေအပေါ်မှာ အခြေခံပြီးတော့ ကိုယ့်ဒေသနဲ့ ကိုက်ညီတဲ့ ဟာတွေကို ဖြည့်စွက်လို့လည်း ရတယ်။ ဒါတွေကိုယ်က လုပ်ငန်းလုပ်မယ်ဆိုရင် ဒီဟာတွေနဲ့ ကျွန်တော်တို့က လွတ်လွတ်လပ်လပ်နဲ့သူတို့ ဒါဆောင်ရွက်နိုင်တဲ့ အနေအထားတစ်ခုကို ရောက်အောင် ဆိုပြီးတော့ ကော်မတီတွေက SOP တွေကို ရေးဆွဲပြီးတော့ အခုမူကြမ်းအနေနဲ့ ကျွန်တော်တို့ ချထားပေးပြီးပါပြီ။ ဒါကကျွန်တော်တို့ရဲ့ပထမခြေလှမ်းတစ်ခုဖြစ်ပါတယ်။


ပါမောက္ခချုပ်
ဒေါက်တာဇော်ဝေစိုး


ပါမောက္ခချုပ်
ဒေါက်တာရီရီဝင်း


ပါမောက္ခချုပ်
ဒေါက်တာမီမီသက်သွင်


ပါမောက္ခချုပ်
ဒေါက်တာဆင့်စိုး

### အကောင်အထည်ဖော်ဆောင်ရွက်

အဲဒီကနေမှတစ်ဆင့် တစ်ကျောင်းနဲ့ တစ်ကျောင်း ပေါင်းစပ်ညှိနှိုင်းတဲ့အခါမှာ ကျွန်တော်တို့ရဲ့အဓိကကျတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရည်မြင့်မားဖို့၊ သုတေသနနဲ့ ကိုယ့်ဒေသတွေ ဖွံ့ဖြိုးအောင်ဆောင်ရွက်ဖို့၊ နိုင်ငံတကာနဲ့ပူးပေါင်းဆောင်ရွက်ဖို့ စသည်အားဖြင့်ပါ။ ဒီဟာတွေနဲ့ ပတ်သက်ပြီးတော့လည်း ရှေ့ဆက်ပြီးတော့ တိုးတက်အောင် ဒီလုပ်ငန်းကော်မတီတွေကနေပြီးတော့ ကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းကော်မတီမှာ ပါဝင်နေတဲ့အဖွဲ့ဝင်တွေဟာ ပါမောက္ခချုပ်များ ဖြစ်ပါတယ်။ ဒီပါမောက္ခချုပ်တွေဟာ သူတို့ရေးဆွဲထားတဲ့ ကော်မတီတွေရဲ့လုပ်ငန်းစဉ်တွေကို သူတို့ကျောင်းရောက်ရင် သူတို့လည်းပြန်ပြီးတော့ အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပါမောက္ခချုပ်များကော်မတီရဲ့ပါမောက္ခချုပ်များသည် မြန်မာနိုင်ငံမှာရှိတဲ့ အဆင့်မြင့် ပညာကဏ္ဍ တက္ကသိုလ်တွေအားလုံးကို Volunteer လုပ်ပြီးတော့ သူတို့တက္ကသိုလ် ဖွံ့ဖြိုးဖို့အတွက် ဝိုင်းပြီးတော့ ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ သူတို့ကိုယ်တိုင်လည်း ဒါကိုပြန်ပြီးတော့ အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ပြန်ကြားရေးသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာ လုပ်ငန်းကော်မတီရဲ့ အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေရှင်။

**ဒေါက်တာမီမီသက်သွင်။** ။ပြန်ကြားရေးသတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာလုပ်ငန်းကော်မတီအနေနဲ့ကတော့ လုပ်ငန်းစဉ်ခြောက်ခုသတ်မှတ်ထားပါတယ်။ ပထမလုပ်ငန်းစဉ်ကတော့ အချက်အလက်တွေ ကောက်ယူမှာ ဖြစ်ပါတယ်။ ဒီတက္ကသိုလ် အသီးသီးမှာရှိတဲ့ IT Infrastructure တွေ တက္ကသိုလ်အသီးသီးက အခုလက်ရှိပေးနေတဲ့ IT ဝန်ဆောင်မှုလုပ်ငန်းတွေ၊ နောက် Digital Library ရှိ၊ မရှိ အစရှိတဲ့ အချက်အလက်တွေကို ကျွန်မတို့က ကောက်ခံသွားမှာဖြစ်ပါတယ်။ အဲဒီလိုကောက်ခံပြီးတဲ့အခါ ကျွန်မတို့က ထပ်မံလိုအပ်ချက်တွေကို စာရင်းပြုစုမယ်။ တွက်ချက်မယ်။ ဘဏ္ဍာနှစ်တိုင်းမှာ ဖြည့်ဆည်းနိုင်ဖို့အတွက်ကို ကျွန်မတို့ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### မြန်မာသုတေသနနှင့် ပညာရေးကွန်ရက်

တတိယလုပ်ငန်းစဉ်အနေနဲ့ကတော့ တက္ကသိုလ်တွေမှာ လိုအပ်နေတဲ့ IT လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးဖို့အတွက်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒါကတော့ ကွန်ပျူတာတက္ကသိုလ်ရဲ့ အကူအညီအနေနဲ့ ရက်တိုသင်တန်း၊ ရက်ရှည်သင်တန်းစသည်တို့ကို ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ အထူးသဖြင့်တော့ Cyber Security လုပ်ငန်းတွေ၊ Professional Ethics တွေ အဲဒီသင်တန်းတွေ ဖွင့်လှစ်ထားဖို့ ရည်ရွယ်ပါတယ်။ စတုတ္ထလုပ်ငန်းစဉ်ကတော့ ကျွန်မတို့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တက္ကသိုလ်ပေါင်း ၁၇၃ ကျောင်းအတွက် မြန်မာသုတေသနနဲ့ ပညာရေးကွန်ရက်ကို ထူထောင်ဖို့ ဖြစ်ပါတယ်။ အဲဒီပညာရေးကွန်ရက်က ပြည်တွင်းပညာရေးကွန်ရက်ကနေတစ်ဆင့် နိုင်ငံတကာပညာရေးကွန်ရက်တွေကို ကျွန်မတို့က ချိတ်ဆက်သွားဖို့ ဆောင်ရွက်ပါတယ်။

အခုလက်ရှိ အခြေအနေမှာဆိုရင် ပါမောက္ခချုပ်များကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကမ္ဘာ့ဘဏ်တို့နဲ့ ညှိနှိုင်းဆောင်ရွက်လျက် ရှိပါတယ်။ ကမ္ဘာ့ဘဏ်မှာရှိနေတဲ့ ကျွမ်းကျင်တဲ့ ပညာရှင်တွေကနေပြီးတော့မှ မြန်မာသုတေသနနှင့် ပညာရေး Network အတွက် Design နဲ့ Specification ရေးပေးနိုင်ဖို့အတွက်ကို ကျွန်မတို့ ကော်မတီအနေနဲ့ TORကို ရေးသားလျက်ရှိပါတယ်။ နောက်တစ်ခု လုပ်ငန်းစဉ်ကတော့ တက္ကသိုလ်တွေရဲ့ ဖွဲ့စည်းပုံမှာဆိုလို့ရှိရင် IT ဌာန ထည့်သွင်းဖွဲ့စည်းနိုင်ဖို့ကိုလည်း ကျွန်မတို့ ကြိုးစားနေပါတယ်။ နောက်ဆုံးလုပ်ငန်းစဉ်ကတော့ ပါမောက္ခချုပ်များ ကော်မတီရဲ့ ဆောင်ရွက်ချက်တွေကို အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်နိုင်ရေးအတွက် ဆောင်ရွက်ဖို့ဖြစ်ပါတယ်။ ကျွန်မတို့ ပါမောက္ခချုပ်များကော်မတီ ဝက်ဘ်ဆိုက်ကို ထူထောင်ပြီးတော့မှ အဖွဲ့တစ်ဖွဲ့ကို သီးခြားတာဝန်ပေးအပ်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။အထူးပြုပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့ရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကိုလည်း သိပါရစေ။

**ဒေါက်တာရီရီဝင်း။** ။အထူးပြုပညာရပ်ဆိုင်ရာ အဖွဲ့တွေကတော့ လုပ်ငန်းစဉ်တွေအနေနဲ့ ရှစ်ခုသတ်မှတ်ထားတာရှိပါတယ်။ ပထမဆုံးလုပ်ငန်းစဉ်ကတော့ အထူးပြုပညာရပ်ဆိုင်ရာအဖွဲ့တွေရဲ့ သင်တန်းအစီအစဉ်တွေပါ။ သင်တန်းအစီအစဉ် တစ်ခုချင်းစီရဲ့သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်မှု အစီအမံတွေ ရေးဆွဲချမှတ်မယ်၊ Curriculum Development နဲ့ ပတ်သက်ပြီးတော့မှ နံပါတ် (၂) လုပ်ငန်းစဉ်ကတော့ သင်တန်းအစီအစဉ်တိုင်းရဲ့သင်ရိုးညွှန်းတမ်း တစ်ခုချင်းစီကို အခြေပြုတဲ့ သင်ထောက်ကူပစ္စည်းတွေပါ။ teaching facility တွေ၊ အဲဒါတွေ ပြည့်စုံလုံလောက်မှုရှိဖို့အတွက် အစီအမံတွေ ရေးဆွဲမယ်၊ ပြီးတော့ teaching facility တွေကို အသုံးပြုတဲ့အခါမှာ ခေတ်မီကျွမ်းကျင်တဲ့ ဓာတ်ခွဲခန်းဝန်ထမ်းတွေအတွက် training တွေပေးမယ်။ လေ့ကျင့်သင်ကြားရေး အစီအမံတွေပေးမယ်။ နောက်နံပါတ်(၃) အချက်အနေနဲ့ကတော့ ဒီ quality assurance system ပါ။ အဲဒါကို ထူထောင်တဲ့ နေရာမှာ NAQAC နဲ့ အမျိုးသားပညာရေးအဆင့်အတန်းနဲ့ အကဲဖြတ်မှုကော်မတီပါ။ အဲဒီ NAQAC နဲ့ မူဝါဒတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်မယ်။ ဒီတက္ကသိုလ်၊ ဒီဂရီ ကောလိပ်၊ ကောလိပ်တွေက International Collaboration ရှိရမယ်။ သူတို့ရဲ့ Teaching Learning နဲ့ Research ဖွံ့ဖြိုးတိုးတက်ဖို့အတွက်ကို ပြည်တွင်း၊ ပြည်ပဆိုင်ရာ အဖွဲ့အစည်းတွေ၊ Agency တွေနဲ့ ပေါင်းစပ် ဆောင်ရွက်မှုမှာ အားပေးကူညီပြီးတော့မှ လုပ်ငန်းလျှင်လျှင်မြန်မြန်ဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်မယ်။

### အမျိုးသားပညာရေးနဲ့ အဆင့်အတန်း

နောက်တစ်ခုကတော့ ဒီအမျိုးသားပညာရေးနဲ့ အဆင့်အတန်း အကဲဖြတ်မှုကော်မတီကနေပြီးတော့မှ မူဝါဒတွေချမှတ်တဲ့အခါမှာ၊ အဲဒီမူဝါဒတွေနဲ့အညီ ပူးပေါင်းဆောင်ရွက်တဲ့အခါမှာ၊ မူဝါဒတွေနဲ့ လုပ်ငန်းစဉ်တွေကို ဆောင်ရွက်တဲ့အခါမှာ အားပေးကူညီဆောင်ရွက်မယ်။ လိုအပ်တဲ့နေရာကနေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မယ်။ နောက်တစ်ချက်ကတော့ ဒီ Capacity Building ပါ။ ဆရာ ဆရာမတွေရဲ့သင်ကြားမှုစွမ်းဆောင်ရည် မြင့်မားရေးဆိုင်ရာ အစီအမံတွေ ချမှတ်ရေးဆွဲပြီးတော့မှ ဆောင်ရွက်မယ်။ နောက်တစ်ခုကတော့ ဒီ Quality Management System ပါ၊ သင်တန်းအစီအစဉ်တစ်ခုလုံးရဲ့ Quality Management System ကို ထူထောင်တဲ့အခါမှာ ဒီအထူးပြုပညာရပ်ဆိုင်ရာအဖွဲ့တွေကနေပြီးတော့မှ အားပေးကူညီဆောင်ရွက်မယ်။ နောက်ဆုံးကတော့ Report ဖြစ်ပါတယ်။ ဘာတွေလုပ်နေတယ်ဆိုတဲ့ဟာကို လစဉ်လတိုင်း ပါမောက္ခချုပ်များကော်မတီကို အစီရင်ခံ တင်ပြသွားမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီလုပ်ငန်းဝတ္တရားတွေ၊ တာဝန်ဝတ္တရားတွေအပေါ်မှာ တစ်ခုချင်းစီအလိုက်ကို Standard Operating Procedures တွေကို အဖွဲ့တစ်ခုချင်းစီအလိုက်ကို ရေးဆွဲနေပြီဖြစ်ပါတယ်။ ရေးဆွဲပြီးတော့မှ First Draft လည်း ထွက်လာပြီ။ အဲဒါကို ပြန်ပြီးတော့မှ အကြံပြုဖြည့်စွက်ပြီးတဲ့အခါမှာ ဒီ SOP တွေ ပြန်ထွက်လာတော့ ဒီအတိုင်းလုပ်မှာတွေရှိပါတယ်။

စာမျက်နှာ ၁၇ သို့

❂ စာမျက်နှာ ၁၆ မှ

**အစီအစဉ်မှူး။** ။နောက်ဆုံးအနေနဲ့ ဒီပါမောက္ခချုပ်များ ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေနဲ့ပတ်သက်ပြီးတော့ ဆရာကြီးတို့အနေနဲ့ နောက်ထပ်ဖြည့်စွက်ပြီးတော့ ဘာများပြောချင်တာ ရှိပါသလဲရှင့်။

**ဒေါက်တာဇော်ဝေစိုး။** ။တကယ်တော့ ပါမောက္ခချုပ်များ ကော်မတီ ခုနက ပြောသလိုပဲ။ ဒါ ကျွန်တော်တို့ကလည်း အသစ်၊ စနစ်တစ်ခုထဲမှာ ပြောင်းပြီးဝင်နေတဲ့အချိန်၊ တကယ်တော့ ကျွန်တော်တို့ ဆန္ဒတွေ၊ လုပ်ချင်တာတွေ၊ ဖြစ်ချင်တာတွေက အများကြီးပါ။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ အနေအထားနဲ့ နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်အောင် ကျွန်တော်တို့ သွားရတာဖြစ်ပါတယ်။ ပေါင်းစပ်ညှိနှိုင်းဆိုတဲ့အတိုင်းပဲ အမျိုးသားပညာရေး မူဝါဒကော်မရှင်ရယ် ကျွန်တော်တို့ ပါမောက္ခချုပ်များ ကော်မတီဆိုတာ တက္ကသိုလ်တွေအားလုံးကို ကိုယ်စားပြုတယ်။

### ပေါင်းစပ် ညှိနှိုင်း

ပညာရေးဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာတက္ကသိုလ်တွေကို အရင်တုန်းက စီမံခဲ့တဲ့ဝန်ကြီးဌာနတွေနဲ့ ပေါင်းပြီးတော့၊ ညှိပြီးတော့ သွားနေတာပါ။ သွားနေတဲ့အပြင် အခုဒီလိုခေတ်အခါမှာ သူ့အချိန်နဲ့ သူ့ရဲ့စနစ်သဘောအရ၊ အနေအထားတွေအရ ပေါ်လာတဲ့ ကျောင်းသားတွေရဲ့ ကိုယ်စားလှယ်၊ ကျောင်းသားသမဂ္ဂတွေနဲ့လည်း ကျွန်တော်တို့ ဆွေးနွေးတယ်၊ ပေါင်းစပ်တယ်။ ဆရာများဆိုတဲ့ ဆရာများသမဂ္ဂတွေနဲ့တွေ့တယ်။ သုတေသနနဲ့ ပတ်သက်တာတွေအပြင် နိုင်ငံတကာတွေနဲ့ရော ကျွန်တော်တို့တွေ့ပြီးတော့၊ ပေါင်းစပ်ပြီးတော့ ဒါကို အဆင်ပြေပြေနဲ့ တက္ကသိုလ်တွေ တိုးတက်အောင် ကျွန်တော်တို့ သွားနေတာပါ။ အခုဆိုရင် ခုနက ဒေါ်မီမီသက်သွင် ပြောသွားတဲ့ဟာ သိပ်အရေးကြီးပါတယ်။ ဒီအမျိုးသားပညာရေး မဟာဗျူဟာ ရေးဆွဲထားတာရှိတယ် NESP ပါ။ အဲဒီ Plan အရ ဒီအဆင့်မြင့်ပညာတွေမှာ အဓိကက Research သုတေသနပိုင်းဆိုင်ရာ တိုးတက်တာတွေ ဆောင်ရွက်ဖို့လိုတယ်။ ဒီ Research ပိုင်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ တိုင်းပြည်က နောက်ကျနေခဲ့တာပါ။ အဲဒီနောက်ကျနေခဲ့တာကို အဆင့်မီဖို့ဆိုရင် ကျွန်တော်တို့ သုတေသနတွေက နိုင်ငံတကာနဲ့ ယှဉ်နိုင်ဖို့လိုတယ်။ နိုင်ငံတကာ ဘာလုပ်နေသလဲ။ ကျွန်တော်တို့ ဘာလုပ်နေသလဲ သိဖို့လိုတယ်။

ကျွန်တော်တို့ရဲ့သုတေသနတွေကို နိုင်ငံတကာက သိအောင်လုပ်ဖို့လိုတယ်။ National Research & Education Network ဆိုတာ အရေးကြီးပါတယ်။ ဒါဟာတကယ်တမ်းတော့ တက္ကသိုလ်တွေအကုန်လုံးမှာ Fiber backbone ပုံနဲ့ ချိတ်ထားပြီးသားဆိုတော့ ကျွန်တော်တို့က Network ဖြစ်အောင် လုပ်လိုက်ပြီး နိုင်ငံတကာ Network ကြီးထဲကို ချိတ်လိုက်မယ်ဆိုရင် စောစောက Research နဲ့ပတ်သက်ပြီး တိုးတက်အောင် လုပ်နိုင်မယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ဒါမျိုးတွေ ဆောင်ရွက်နေတယ်။ ဒါကြောင့် သွားတဲ့အခါမှာလည်း တတ်နိုင်သမျှ သတိထားသွားရပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ ဒီကနေတွန်းပြီး သွားလိုက်လို့ တခြားဟာတွေအတွက် အနှောင့်အယှက်ဖြစ်သွားမှာလည်း စိုးတယ်။ တက္ကသိုလ်တွေလည်း တိုးတက်အောင်၊ လမ်းညွှန်တွေ၊ Guide book တွေ၊ SOP တွေရေးပြီးတော့ ဒါကိုတစ်ဆင့်ပြီးတစ်ဆင့် လုပ်ဖို့အစီအစဉ်ရှိပါတယ်။

**ဒေါက်တာဆင့်စိုး။** ။ ဆရာ့အနေနဲ့ကတော့ ပညာရေးဝန်ထမ်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေနဲ့ မိဘပြည်သူတွေအားလုံးကို ဒီနေ့ ပါမောက္ခချုပ်များ ကော်မတီဆိုတာ ပေါ်လာပြီဖြစ်ပါတယ်။ ပါမောက္ခချုပ်များကော်မတီသည် နောက်ထပ်ပေါ်လာတဲ့အဖွဲ့အစည်းဖြစ်တယ်။ သို့သော် လုပ်ရကိုင်ရတာ နောက်တစ်ခုပေါ်လာပြီလို့ မြင်ကောင်းမြင်နိုင်ပါတယ်။ တွေးကောင်းတွေးနိုင်ပါတယ်။ ကျွန်တော်တို့ ကော်မတီအနေနဲ့ အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်များအတွက် ပေါင်းစပ်ညှိနှိုင်းပေးတဲ့၊ တစ်နည်းအားဖြင့် အကူအညီပေးမယ့် အဖွဲ့ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့ကတော့ ဒီအမျိုးသားပညာရေး ဥပဒေရဲ့ မျှော်မှန်းချက်ဖြစ်တဲ့ တက္ကသိုလ်တွေ တစ်ချိန်ကျရင် လွတ်လပ်တဲ့ သင်ကြား၊ သင်ယူမှုနဲ့ လွတ်လပ်တဲ့ စီမံခန့်ခွဲမှုတွေဖြစ်ရမယ်။ ဒါကို မြန်မြန်ဖြစ်လာအောင် ကျွန်တော်တို့ကော်မတီက ကြိုးစားသွားပါမယ်။

### ဘာသာရပ် ဖွံ့ဖြိုးရေးအဖွဲ့

တစ်ဖက်ကလည်း ကြိုးစားရင်းနဲ့ တစ်ဖက်ကလည်း ပညာရေးကဏ္ဍ နောက်မကျအောင်၊ ဥက္ကဋ္ဌပြောတဲ့ သုတေသနကွန်ရက်တွေ၊ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေး ဖွံ့ဖြိုးအောင်၊ ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးအောင်၊ တစ်ဖက်ကလည်း တက္ကသိုလ်တွေ လွတ်လပ်စွာရပ်တည်နိုင်အောင် ဆောင်ရွက်နေသလို တစ်ဖက်ကလည်းလက်ရှိ လုပ်ငန်းတွေ မလစ်ဟာအောင်၊ တိုးတက်မှုနဲ့ လုပ်ဆောင်မှု အရှိန်မကျအောင် ဘာသာရပ် ဖွံ့ဖြိုးရေးအဖွဲ့ လုပ်ငန်းကော်မတီက တောက်လျှောက် ကူညီပေးထားပါတယ်ဆိုတာ သတင်းစကားပါးချင်ပါတယ်။

**ဒေါက်တာမီမီသက်သွင်။** ။ ကျွန်မတို့ရဲ့လုပ်ငန်းစဉ်တွေကိုပါမောက္ခချုပ်ကော်မတီကို တင်ပြပြီးတော့ အတည်ပြုချက်ရယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ သုတေသနနဲ့ ပညာရေးနဲ့ ပတ်သက်ပြီး ဆက်လုပ်မယ့် အစီအစဉ်တွေကတော့ ကမ္ဘာ့ဘဏ်က ပညာရှင်တွေက ရေးလိုက်တဲ့ Design နဲ့ Specification ကို ကျွန်မတို့ တက္ကသိုလ်တွေရဲ့ ရေရှည်အကျိုးစီးပွားအတွက်ကို ရည်ရွယ်ပြီး ရေးထားတာလား။ ဒါမှမဟုတ် မြန်မာနိုင်ငံရဲ့ ပညာရေး အဆင့်အတန်းမြင့်မားဖို့ကို အထောက်အကူပြုသလား။ နောက်တစ်ခုက နိုင်ငံတကာနဲ့သုတေသနတွေ ချိတ်ဆက်လုပ်တဲ့အခါမှာ အစီအစဉ်တွေ အောင်မြင်အောင် ပံ့ပိုးနိုင်လား ဆိုတာကို ကျွန်မတို့ကော်မတီအနေနဲ့ကတော့ စိစစ်မှာဖြစ်ပါတယ်။ တက္ကသိုလ်တွေက မတူကွဲပြားတဲ့ ပညာရပ်၊ သုတေသန နယ်ပယ်တွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့အတွက်ကိုလည်း မြန်မာ့သုတေသနနဲ့ ပညာရေး Network က ဘယ်လိုအသုံးချလို့ရမလဲဆိုတာကို ဆက်လက်ဆောင်ရွက်ပါမယ်။ ကော်မတီအနေနဲ့ ပညာရေးသုတေသန Network ကို အမြဲတမ်းစောင့်ကြည့်နေမှာဖြစ်ပြီး ရေ့ဆက်လက်တည်မြဲနိုင်ဖို့အတွက် Plan တွေကိုလည်း ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာရီရီဝင်း။** ။ အထူးပြုပညာရပ်များ အဖွဲ့အနေနဲ့ကတော့ ဒီပါမောက္ခချုပ်များ ကော်မတီရဲ့ CEC, EC နဲ့ လုပ်ငန်းကော်မတီတွေနဲ့ ဘာသာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက်ကို ပူးပေါင်းဆောင်ရွက်သွားပြီးတော့မှ ဒီအဆင့်မြင့်ပညာကျောင်းတွေရဲ့ လွတ်လပ်တဲ့စီမံခန့်ခွဲမှုကို မထိခိုက်စေဘဲဘာသာရပ်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်နဲ့ မြန်မြန်ဆောင်ရွက်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါ။ ဒီနေ့မှာ ပါဝင်ဆွေးနွေးသွားကြတဲ့ ပါမောက္ခချုပ် ဆရာကြီး ဆရာမကြီးများကို ကျေးဇူးအထူးပဲ တင်ပါတယ်ရှင့်။





မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကို ကြိုဆိုသောအားဖြင့် (၁၅.၃.၂၀၁၉ မှ ၁၅.၅.၂၀၁၉) ရက်နေ့အတွင်း အခန်းခများကို 25% Discount နှင့် ကျန်းမာရေးစစ်ဆေးခြင်း (Medical Check Up Package) များကို အထူးလျှော့ဈေးပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(၁) : အမှတ်(၁၂၅၄)၊ သုဝဏ္ဏလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
Hot Line : 01-655612

ရွှေလမင်းဆေးရုံ(၂) : အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။
Hot Line : 01-2301949

ရွှေလမင်းဆေးရုံ(၃) : အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ဟင်္သာတမြို့။
Ph:044-2021375,2022799,2022800,2022801,2022802

ရွှေလမင်းဆေးရုံ(၄) : အမှတ်(၁)၊ မြို့ရှောင်လမ်း၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့။
Ph-057-2026202,2026855,2026709,2026387

## ပို့ကုန်မဟာဗျူဟာ ဖော်ဆောင်ရေး အစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၁၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ၂၀၁၅ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရေးဆွဲခဲ့သည့် အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) တွင် တစ်ခုအပါအဝင်ဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍ ပို့ကုန်မဟာဗျူဟာအကောင်အထည်ဖော်ရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို မတ် ၁၂ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၄ နာရီခွဲအထိ ရန်ကုန်မြို့ရှိ UMFCCI ၌ ကျင်းပသည်။

"၂၀၁၅ ကနေ ၂၀၁၉ ခုနှစ်နှစ်ဦးပိုင်းအထိချမှတ်ထားတဲ့ လုပ်ငန်းစီမံချက်တွေဘယ်လောက်အထိ အကောင်အထည်ဖော်ပြီးသွားပြီလဲဆိုတာကို ပြန်ပြီးတော့ Review လုပ်ပြီး ၂၀၂၀ ပြည့်နှစ်ကနေ နောက်ထပ်ငါးနှစ်စာဘာတွေဆက်လုပ်မလဲ၊ မပြီးသေးတဲ့စီမံကိန်းတွေ ဆက်လုပ်မယ့်ဟာရှိမယ်၊ တကယ်ဆက်လုပ်သင့်တဲ့ဟာကို ငါးနှစ်စာဆွဲသွားမှာပါ" ဟု ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းဝင်းက ပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမှာ တိုးတက်လျက်ရှိပြီး ၂၀၁၇ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၄၄ သန်း ဝင်ရောက်ပြီး ၂၀၁၈ ခုနှစ်တွင် ၃ ဒသမ ၅၅ သန်းဝင်ရောက်ကြောင်း သိရသည်။ **ဇာနည်မောင်**



မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှူး ဒုရဲမှူးမြထွန်းကျော် မင်္ဂလာတောင်ညွန့်မြို့နယ် ဖို့မြေရပ်ကွက်တွင် မတ် ၁၂ ရက် ည ၇ နာရီခွဲက ဒေသခံပြည်သူများအား သက်ငယ်မုဒိမ်းမှု၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောစဉ်။ **ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# မြန်မာ့သရက်သီးပွဲတော် မေလတွင် မန္တလေး၌ ကျင်းပမည်


**မန္တလေး မတ် ၁၃**

ပဉ္စမအကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော် ၂၀၁၉ ကို ပြပွဲ၊ ပြိုင်ပွဲများဖြင့် မေ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် မန္တလေးမြို့ ၅၃ လမ်းနှင့် ၃၇ လမ်းထောင့်ရှိ Hotel Hazel ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် သရက်သီးအမျိုးပေါင်း ၂၀၀ ကျော်ထွက်ရှိရာ ပြည်တွင်းထွက်သရက်သီးများ ခိုင်မာသည့်ဈေးကွက် ရရှိစေရန်အတွက် ယခုပြပွဲတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများ၊ ကုန်သည်များအား ဖိတ်ကြားထားပြီးဖြစ်ကြောင်းနှင့် ပြည်တွင်းသရက်သီးမျိုးစုံ ပြသနိုင်ရန်အတွက် ပြိုင်ပွဲကိုပါ ထည့်သွင်းကျင်းပမည် ဖြစ်သည်။

သရက်သီးပြိုင်ပွဲတွင် စိန်တလုံး၊ မြကျောက်၊ ပတ္တမြားငမောက်၊ ရွှေဟသာ၊ ရင်ကွဲ၊ အခြားသရက် (ပြည်တွင်း)၊ အခြားသရက်(ပြည်) စသည့် ပြိုင်ပွဲအမျိုးအစားခုနစ်မျိုး ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲတွင် ပထမဆု ၂၀၀၀၀၀၊ ဒုတိယဆု ၁၅၀၀၀၀၊ တတိယဆု ၁၀၀၀၀၀နှင့် နှစ်သိမ့်ဆုများအား ကျပ် ၅၀၀၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

"မြန်မာ့သရက်ကို နိုင်ငံတကာက သိရှိလာစေဖို့၊ နိုင်ငံတကာဈေးကွက်ကို တင်ပို့နိုင်ပြီး နိုင်ငံခြားဝင်ငွေတိုးစေနိုင်ဖို့ ရည်ရွယ်ပြီး ကျင်းပတာပါ။ မြန်မာ့သရက်သီးမျိုးစုံကို တစ်နေရာတည်းမှာ လေ့လာနိုင်ပါမယ်။ ပျိုးပင်တွေ၊ သရက်သီးတန်ဖိုးမြင့်ထုတ်ကုန်တွေ၊ စိုက်ပျိုးရေးပစ္စည်းအရောင်းဆိုင်တွေ ပါဝင်ပြသသွားပါမယ်။ စုစုပေါင်းပြခန်း ၅၀ ကျော်တို့က မြန်မာ့သရက်သီးများ၊ သရက်သီးတန်ဖိုးမြင့်ထုတ်လုပ်ပုံလုပ်ငန်းစဉ် ပြခန်းများပါဝင်ပြသကြမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ပြောသည်။



**ယမန်နှစ်က ကျင်းပသော မြန်မာ့သရက်သီးပွဲတော်တွင် သရက်သီးများ ခင်းကျင်းပြသထားမှုကို တွေ့ရစဉ်။**

မြန်မာ့စိန်တလုံးသရက်သီးများ စတင်ရင့်မှည့်ဈေးကွက်တင်ပို့မည့်အချိန်တွင် နိုင်ငံတကာဝယ်လက်များ စိတ်ဝင်စားမှုအများဆုံးအချိန်ဖြစ်ရာ ယခုပြပွဲအား အချိန်ကိုက်ကျင်းပခြင်းဖြစ်ပြီး အခြားသရက်သီးများလည်း နိုင်ငံတကာဈေးကွက်သို့တင်ပို့နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပဉ္စမအကြိမ်မြောက် မြန်မာ့သရက်သီးပွဲတော် ၂၀၁၉ ကို မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့အသင်းနှင့် မြန်မာနိုင်ငံ သရက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) တို့က ပူးပေါင်းကျင်းပရာ ပွဲတော်ကာလအတွင်း စိုက်ပျိုးရေးပညာရှင်များ၏ ဆွေးနွေးဟောပြောပွဲများ ပါဝင်မည်ဖြစ်သည်။

ပွဲတော်ရက်များတွင် တရုတ်၊ စင်ကာပူ၊ အစ္စရေး၊ ထိုင်ဝမ်၊ အိန္ဒိယနိုင်ငံများမှ ကုန်သည်များလာရောက်ကြမည်ဖြစ်ရာ မြန်မာ့သရက်ပွဲတော်ပြပွဲ၊ ပြိုင်ပွဲမှတစ်ဆင့် နိုင်ငံခြားပို့ကုန်ဈေးကွက် မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဝဝ၂**

# စပါးစိုက်ကေများအတွက် သီးနှံအာမခံထားရှိရန် ဆွေးနွေး

**ရန်ကုန် မတ် ၁၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Contract Farming စနစ်ဖြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ ပူးပေါင်းဆောင်ရွက်ထားသော တောင်သူများ၏ စပါးစိုက်ကေများအတွက် သီးနှံအာမခံထားရှိရန် ဆွေးနွေးမှုပြုလုပ်နေကြောင်း Global World Insurance ကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးဝင်းသန့်က ပြောသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ Contract Farming ဖြင့် ပူးပေါင်းဆောင်ရွက်ထားသည့် တောင်သူများအတွက် သီးနှံအာမခံထားရှိရန် ပရီမီယံကြေးကို အသင်းချုပ်၏ ရန်ပုံငွေဖြင့် ပေးသွင်းသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ရှိ အမှတ် ၆၂ Bahosi Development တွင် မတ် ၁၂ ရက်က ပြုလုပ်သည့် .Micro Insurance & Liberalization. နှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲတွင် ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

သီးနှံအာမခံကို စမ်းသပ်လုပ်ကိုင်ရန်အတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (IBRB) သို့ တင်ပြခဲ့ခြင်းဖြစ်ပြီး ယင်းစမ်းသပ်လုပ်ကိုင်ခြင်းကို ၂၀၁၈ ခုနှစ်တွင် စတင်လုပ်ကိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်မှာ တောင်သူလယ်သမား စိုက်ပျိုးထားသည့် သီးနှံများ ရာသီဥတုဖောက်ပြန်မှုကြောင့် အထွက်နှုန်းကျဆင်းခဲ့လျှင် ငွေကြေးအားဖြင့် အထောက်အပံ့ရရှိစေရန် စမ်းသပ်ဆောင်ရွက်သည့် အာမခံအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

အာမခံသက်တမ်းမှာ နွေစပါးနှင့် မိုးစပါးနှစ်ကြိမ်လုံးအတွက် ပရီမီယံပေးသွင်းသည့်နေ့မှစတင်ကာ တစ်နှစ်ဖြစ်ပြီး လယ်တစ်ကေလျှင် စပါးအထွက်နှုန်းတင်း ၅၀ သတ်မှတ်၍ စပါးတစ်ကေလျှင် တစ်နှစ်ပရီမီယံနှုန်းထား ကျပ် ၅၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ယင်းကဲ့သို့ သတ်မှတ်ခြင်းကို စိုက်ပျိုးသည့်သီးနှံ၏ ယခင်နှစ် စပါးဈေးကွက်ပေါက်ဈေး၊ အထွက်နှုန်းတို့အပေါ်မူတည်၍ တစ်ကေတန်ဖိုးကို တွက်ချက်သတ်မှတ်ခြင်းဖြစ်သည်။

"လျော်ကြေးကို သတ်မှတ်အခြေခံ စပါးဈေးနှုန်းနဲ့ ပေးလျော်မှာဖြစ်ပါတယ်။ တကယ်လို့ အခြေခံစပါးဈေး မသတ်မှတ်နိုင်ရင် ကျွန်တော်တို့ သတ်မှတ်ထားတာက မျှတမှုရှိအောင် ကျပ်ငါးသိန်းပေါ့။ အခုလုပ်ချင်တဲ့သူတွေ အလွန်များလာပြီဖြစ်တဲ့အတွက် အလားအလာ အလွန်ကောင်းတယ်"ဟု ဒါရိုက်တာဦးစိုးဝင်းသန့်က ပြောကြားသည်။

၂၀၁၈ ခုနှစ်အတွင်း စမ်းသပ်ဆောင်ရွက်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ မြို့နယ် ငါးမြို့နယ်ရှိ စပါးကေ ၃၀၀ ဝန်းကျင်ကို သီးနှံအာမခံ လက်ခံထားရှိရာတွင် လျော်ကြေးငွေပေးအပ်မှုမရှိခဲ့ကြောင်း သိရသည်။

ထို့အပြင် သီးနှံအာမခံစနစ် စမ်းသပ်လုပ်ဆောင်ရန် မိုးရေချိန်၊ အပူချိန်၊ စပါးစိုက်ကေ၊ အထွက်နှုန်း၊ သီးနှံအမျိုးအစားကို သက်ဆိုင်ရာဦးစီးဌာနသို့ တောင်းဆိုရာတွင် စာရင်းအတိအကျမရရှိဘဲ ပျမ်းမျှသာရရှိခြင်းကြောင့် စပါးအထွက်နှုန်းသတ်မှတ်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု မတူညီ၍ အခက်အခဲများရှိသဖြင့် နိုင်ငံတော်အနေဖြင့် မိုးရေချိန်၊ အပူချိန်၊ သီးနှံအထွက်နှုန်းတို့နှင့် ပတ်သက်သော စာရင်းအတိအကျ ထုတ်ပြန်ပေးသင့်ကြောင်း သိရသည်။

"ရေနက်ကွင်းက တောင်သူတွေအတွက် အဆင်ပြေနိုင်ပါတယ်။ ရေနက်ကွင်းမှာ စပါးစိုက်ရင် သူနဲ့လိုက်တဲ့ စပါးကိုပဲ စိုက်လို့ရတယ်။ အဓိကတော့ အာမခံထားမယ့် တောင်သူရဲ့ ကွင်းအနေအထား၊ စိုက်စပါးအနေအထားကိုကြည့်ရမယ်" ဟု ကျုံပျော်မြို့နယ် တောင်သူဦးထွန်းထွန်းဝေက ပြောကြားသည်။

သီးနှံအာမခံထားရှိသူများအနေဖြင့် ရေကြီးရေလျှံ၍ နစ်မြုပ်မှု၊ မိုးခေါင်၍ အောင်ရေမရရှိမှုနှင့် လေမုန်တိုင်းတိုက်ခတ်မှုစသည့် ရာသီဥတုဖောက်ပြန်မှုကြောင့် သတ်မှတ်ထားသော သီးနှံအမျိုးအစားအလိုက် ပျမ်းမျှအထွက်နှုန်းအောက် လျော့နည်းသည့်ပမာဏကို ကြိုတင်သတ်မှတ်ထားသည့်ဈေးနှုန်းဖြင့် ပေးလျော်ရမည်ဖြစ်ပြီး နွေစပါး သို့မဟုတ် မိုးစပါး ပျက်စီးဆုံးရှုံးမှုအတွက် တစ်ကြိမ်သာ ခံစားခွင့်ရရှိမည်ဖြစ်ကာ လျော်ကြေးပေါ်ပေါက်ပြီးနောက် ဒုတိယအကြိမ်အတွက် အကာအကွယ် ဆက်လက်ယူလိုပါက တည်မြဲရေးပရီမီယံကြေး ထပ်မံပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သီးနှံအထွက်နှုန်း တိုင်းတာခြင်းကို ရိတ်သိမ်းချိန်ထွက်ရှိမည့် သီးနှံပမာဏကို စံကွက်သတ်မှတ်ပြီး တိုင်းတာသည့်နည်းစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အာမခံထားရှိရာတွင် လူကြောင့်ဖြစ်သော ဆုံးရှုံးပျက်စီးခြင်း၊ တောရိုင်းနှင့် အိမ်မွေးတိရစ္ဆာန်များကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ မြေပြိုခြင်းနှင့် မြေလျှောကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ အကြမ်းဖက်မှုနှင့် စစ်၊ စစ်အသွင်ဆောင်သော အကြမ်းဖက်မှုကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ ရိတ်သိမ်းချိန်လွန်မှုကြောင့် ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးခြင်း၊ မိုးသီးကြွေကျခြင်းကြောင့် ပျက်စီးဆုံးရှုံးခြင်း၊ တောမီး၊ ရှို့မီး၊ ကူးစက်မီးကြောင့် ပျက်စီးဆုံးရှုံးခြင်းနှင့် စက်တပ်ယာဉ်၊ စက်မဲ့ယာဉ်များကြောင့် ပျက်စီးဆုံးရှုံးခြင်း အစရှိသည်တို့ဖြစ်ပွားပါက အကျုံးဝင်မည်မဟုတ်ကြောင်း သိရသည်။

**အေးယမုံ**

## ပထမရာသီဝက်ချန်ပီယံ အားကစားနှင့် ကာယပညာသိပ္ပံ (ISPE-FC) အသင်းရရှိ

**ရန်ကုန် မတ် ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် MPT Myanmar National League (2) အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ရာသီဝက်ပြိုင်ပွဲများကို ဇန်နဝါရီ ၂၅ ရက်မှ စတင်ကာ ပြိုင်ပွဲဝင်အသင်းရှစ်သင်းအား အမှတ်ပေးစနစ်ဖြင့် စတင်ကျင်းပခဲ့ရာ အားကစားနှင့်ကာယပညာသိပ္ပံ (ISPE-FC) ဘောလုံးအသင်းသည် မတ် ၈ ရက်က ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်အပြီးတွင် ပထမရာသီဝက်ချန်ပီယံကို ရရှိသွားခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ (ISPE-FC) ဘောလုံးအသင်းသည် ပြိုင်ပွဲခုနစ်ပွဲ၌ ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ ရဂိုး ၁၅ ဂိုး၊ ပေးဂိုးလေးဂိုး၊ ရမှတ် ၁၇ မှတ်ဖြင့် ၂၀၁၉ ခုနှစ် ရာသီဝက်ချန်ပီယံရရှိထားပြီး ဒုတိယအကျော့ ပြိုင်ပွဲများကို ဇွန် ၃ ရက်တွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အလားတူ အားကစားနှင့်ကာယပညာသိပ္ပံသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကျင်းပသည့် အသက် ၂၀ အောက်နှင့် အသက် ၁၈ နှစ်အောက် ပြိုင်ပွဲများတွင်လည်း အားကစားနှင့်ကာယပညာသိပ္ပံ ( ISPE - FC) အသက် ၂၀ အောက်နှင့် အသက် ၁၈ နှစ် အောက်အသင်းများကလည်း ရာသီဝက်အဆင့်တစ်နေရာများကို အသီးသီး ရရှိထားသည်။

**ခင်မောင်ဝင်း (ကြေးမုံ)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ စာစစ်ဌာနများ လှည့်လည်ကြည့်ရှု

**လယ်ဝေး မတ် ၁၃**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးတင်ထွန်း၊ ဦးအေးမောင်စိန်နှင့် အတူ မတ် ၁၃ ရက် နံနက်ပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို သွားရောက်ကြည့်ရှုသည်။



နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့ အထက(၁) စာစစ်ဌာနသို့ သွားရောက်ကြည့်ရှုရာ နေပြည်တော်တိုင်းပညာရေးမှူး ဦးမျိုးဝင်းအောင်က လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာနများတွင် ကျောင်းသား ကျောင်းသူများ ဖြေဆိုနေမှုအခြေအနေနှင့် ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

လယ်ဝေးမြို့နယ်အတွင်းရှိ စာစစ်ဌာန ၁၂ ခုတွင် ဇီဝဗေဒဘာသာရပ်တွင် ဖြေဆိုသူ ၆၈၀၊ ပျက်ကွက် ၂၅ ဦးရှိပြီး ဘောဂဗေဒဘာသာရပ်တွင် ဖြေဆိုသူ ၅၂၇၇ ဦး၊ ပျက်ကွက် ၂၈၆ ဦးရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စာမေးပွဲ ဖြေဆိုသည့် ကျောင်းသူနှစ်ဦးအား ရဲတပ်ဖွဲ့က ကူညီ

**ကြာအင်းဆိပ်ကြီး မတ် ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး အထကစာစစ်ဌာနတွင် မတ် ၁၃ ရက် နံနက် ၈ နာရီခန့်က စာမေးပွဲဖြေဆိုရန်ရောက်ရှိလာသော မနီလာနွယ်သည် ခေါင်းမူးလာသဖြင့် အချိန်မီဆေးရုံကြီးသို့ ပို့ဆောင်ကုသပြီး စာမေးပွဲဖြေဆိုနိုင်အောင် ဆောင်ရွက်ပေးခဲ့ကြောင်း၊ မယွန်းပွင့်ဖြူအား စာမေးပွဲဖြေဆိုပြီး ဗိုက်အောင့်ဝေဒနာခံစားနေရသဖြင့် ဆေးရုံကြီးမှတစ်ဆင့် နေအိမ်သို့ ကြာအင်းဆိပ်ကြီးရဲတပ်ဖွဲ့မှ ရဲအုပ်ကာဋ္ဌနှင့်ရဲမေများက ကူညီပို့ဆောင်ပေးကြကြောင်း သိရသည်။

**နန္ဒကျော်**

# ရန်ကုန်-မကွေး-ရန်ကုန် လေယာဉ်ခရီးစဉ်များ ပြေးဆွဲမည်

**မကွေး မတ် ၁၃**

၂၀၁၉ ခုနှစ် ဧပြီလကုန်မှစ၍ အပတ်စဉ်အင်္ဂါနေ့တိုင်း ရန်ကုန်-မကွေး-ရန်ကုန် လေယာဉ်ခရီးစဉ်များ ပြန်လည်စမ်းသပ်ပြေးဆွဲရန် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနက စီစဉ်ထားကြောင်း သိရသည်။

မြန်မာ့လေကြောင်းလိုင်းအနေဖြင့် ရန်ကုန်-မကွေး-ရန်ကုန်ခရီးစဉ်သည် ခရီးသည်ရနိုင်မှုနည်းပါးပြီး ကုန်ကျစရိတ်နှင့် ဝင်ငွေရရှိမှု မကာမိနိုင်သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏တင်ပြမှုအရ ၂၀၁၉ ခုနှစ်ဧပြီလကုန်မှစ၍ အပတ်စဉ်အင်္ဂါနေ့တိုင်း Caravan အမျိုးအစားလေယာဉ်ဖြင့် ရန်ကုန်-မကွေးခရီးစဉ်ကို နံနက် ၈ နာရီမှ ၉ နာရီခွဲထိလည်းကောင်း၊ မကွေး-ရန်ကုန် ခရီးစဉ်ကို နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲထိလည်းကောင်း စတင်စမ်းသပ်ပြေးဆွဲရန် စီစဉ်ထားသည်။

"ပြည်တွင်းပြည်ပလေယာဉ်တွေ ဆင်းနေမယ်ဆိုရင် လေဆိပ်က လုပ်ငန်းတွေလည်းပတ်ပြီး ဝင်ငွေတွေလည်းရမယ်။ ဒေသလည်း ဖွံ့ဖြိုးမယ်" ဟု မကွေးလေဆိပ်တာဝန်ခံ ဦးမင်းအောင်က ပြောသည်။

**ဇေယျာတု (မကွေး)**

# ပဲခူးမြို့ စည်ပင်သာယာရေးလုပ်ငန်းများ၌ ဝန်ဆောင်မှုဆော့ဖ်ဝဲစနစ် ရှင်းလင်း

**ပဲခူး မတ် ၁၃**

ပဲခူးတိုင်းဒေသကြီးအတွင်း ပြည်သူ့ဝန်ဆောင်မှုစနစ် မြင့်မားတိုးတက်စေရန်အတွက် စည်ပင်သာယာရေးလုပ်ငန်းများ၌ ဝန်ဆောင်မှုအစီရင်ခံသည့် ဆော့ဖ်ဝဲစနစ် စတင်အကောင်အထည်ဖော် အသုံးပြုသွားမည်ဖြစ်ရာ အစီအစဉ်နှင့်ပတ်သက်၍ မိတ်ဆက်ခြင်းအခမ်းအနားကို မတ် ၁၂ ရက်က ပဲခူးမြို့ သီရိဟံသာခန်းမတွင် ပြုလုပ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာစောညိုဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့တွင် ပြည်သူများ၏ စည်ပင်သာယာရေးလိုအပ်ချက်များ စောင့်ကြည့်ပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည့်အစီအစဉ်နှင့် ပတ်သက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မြင့်က ရှင်းလင်းပြောကြားသည်။

ထို့နောက် ICT နည်းပညာသုံးပြီး အုပ်ချုပ်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်မှ Mr. Zubair K Bhatti ကလည်းကောင်း၊ စည်ပင်သာယာရေးဝန်ဆောင်မှုအစီရင်ခံသည့်စနစ် ပလက်ဖောင်းနှင့်ပတ်သက်၍ အသုံးပြုပုံနည်းလမ်းများ၊ အဆိုပါအစီရင်ခံစနစ် Application ကို ဖုန်းဖြင့် ဒေါင်းလုပ်ရယူပုံ၊ အချက်အလက်ဖြည့်သွင်းခြင်းများနှင့်ပေးပို့ခြင်းများပြုလုပ်ပုံအဆင့်ဆင့်ကို ကမ္ဘာ့ဘဏ် (ICT) အကြံပေး ဦးမျိုးမင်းဦးကလည်းကောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းဆွေးနွေးသည်။

**ကိုလွင်(ဆွာ)**

## အနုပညာ

# ဆန်းရီနဲ့ စာချုပ်သက်တမ်းကုန်ဆုံးပြီဖြစ်ကြောင်း ဝိုင်ဂျီအန်တာတိန်းမန့် ကြေညာ



လတ်တလောမှာ တရားရင်ဆိုင်နေရတဲ့ ကေပေ့ါပ်ကြယ်ပွင့် ဆန်းရီနဲ့ စာချုပ်သက်တမ်း ကုန်ဆုံးခဲ့ပြီဖြစ်ကြောင်း လတ်တလောမှာတော့ ဝိုင်ဂျီအန်တာတိန်းမန့်က တရားဝင်ထုတ်ပြန်ကြေညာခဲ့တာ ဖြစ်တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၃ ရက်မှာတော့ ဆန်းရီရဲ့စာချုပ်နဲ့ပတ်သက်ပြီး ဝိုင်ဂျီအန်တာတိန်းမန့်က တရားဝင်ထုတ်ပြန်ချက်ထုတ်ခဲ့တာ ဖြစ်ပါတယ်။ ဝိုင်ဂျီအန်တာတိန်းမန့်က ဆန်းရီနဲ့ပတ်သက်တဲ့ သတင်းတွေဟာ လတ်တလောမှာတော့ မီဒီယာတွေပေါ်မှာ အဆက်မပြတ်ပေါ်ထွက်လာခဲ့ပြီး စွပ်စွဲချက်တွေများစွာနဲ့ ရင်ဆိုင်ဖြေရှင်းနေရကြောင်း၊ ဆန်းရီက အနု ပညာလုပ်ငန်းတွေကနေ အနားယူလိုကြောင်း ထုတ်ဖော်ပြောကြား ခဲ့ပြီးနောက် အေဂျင်စီအနေနဲ့သဘောတူပေးခဲ့ကြောင်း၊ ပရိသတ်တွေကို စိုးရိမ်ပူပန်စေခဲ့တဲ့အတွက် တောင်းပန်ကြောင်း ထည့်သွင်းရေးသား ဖော်ပြခဲ့တာ တွေ့ရပါတယ်။

ဒ့ါအပြင် အဆိုပါ အေဂျင်စီက ကြယ်ပွင့်တွေကို တာဝန်ယူထားရတဲ့ အေဂျင်စီအနေနဲ့ သူ့တို့အပေါ် ကောင်းမွန်စွာ ထိန်းကျောင်းအုပ်ချုပ်နိုင်ခဲ့ခြင်းမရှိဘဲ ယခုလို ပြဿနာတွေ ဖြစ်ပေါ်ခဲ့ရတဲ့အတွက် စိတ်မကောင်း ဖြစ်မိကြောင်းလည်း ရေးသားဖော်ပြခဲ့တာ တွေ့ရပါတယ်။

ယခုရက်ပိုင်းအတွင်းမှာ ပြဿနာတွေကြောင့် မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူထားခဲ့တဲ့ ကေပေ့ါပ်ကြယ်ပွင့် ဆန်းရီဟာ အနုပညာလုပ်ငန်းတွေကနေ အနားယူတော့မှာဖြစ်ကြောင်း တရားဝင်ထုတ်ဖော်အသိပေးလာတာ တွေ့ရပါတယ်။ ကျော်ကြားတဲ့ အမျိုးသားကေပေ့ါပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး သူ့ရဲ့ဆိုင်မှာ မူးယစ်ဆေးဝါးရောင်းဝယ်ကြောင်း သတင်းတွေ ထွက်လာခဲ့ပြီးနောက် ဆန်းရီရဲ့အကြောင်းတွေဟာ မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူလာခဲ့ပါတယ်။ စွပ်စွဲမှုတွေကို ပြန်လည်ဖြေရှင်းရင်းကပင် နောက်ဆုံးမှာတော့ ဆန်းရီနဲ့ အခြားသော တေးသံရှင်တွေ လျှို့ဝှက်ကင်မရာကို အသုံးပြုခဲ့ကြောင်း သတင်းတွေလည်း ပေါ်ထွက် လာခဲ့ပါတယ်။ ဒီလို ပြဿနာတွေ၊ စွပ်စွဲမှုတွေ ဆက်တိုက်ကြုံခဲ့ရပြီးနောက် ပြီးခဲ့တဲ့တနင်္လာနေ့မှာတော့ ဆန်းရီက အနုပညာလုပ်ငန်းတွေကနေ အနားယူတော့မှာဖြစ်ကြောင်း သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ထုတ်ဖော်အသိပေးခဲ့ပါတယ်။

# ပ့ါခ်ဘွန်ရဲ့တေးအယ်လ်ဘမ်သစ် စမ်းသပ်ထုတ်လွှင့်



တေးဂီတလောကနဲ့ နှစ်နဲ့ချီကာ ကင်းကွာနေခဲ့ပြီး လတ်တလောမှာမှ တေးအယ်လ်ဘမ်သစ်နဲ့အတူ ပြန်လည်စတင်လာတဲ့ တောင်ကိုရီးယားပေ့ါပ်ကြယ်ပွင့် ပ့ါခ်ဘွန်ဟာ လတ်တလောမှာတော့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို စတင်စမ်းသပ်ထုတ်လွှင့်ပေးခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မတ် ၁၅ ရက်မှာတော့ ပ့ါခ်ဘွန်ဟာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ် "Spring" ရဲ့ ခေါင်းစီးတေးဖြစ်တဲ့ "Spring" အတွက် တေးဗီဒီယိုကို စတင်စမ်းသပ်ထုတ်လွှင့် ပေးခဲ့ပါတယ်။ ဒီတေးအယ်လ်ဘမ်သစ်မှာ ယခင်က "2NE1" တေးဂီတအဖွဲ့မှာ အတူလှုပ်ရှားခဲ့တဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဆန်ဒရာက ပါဝင်အားဖြည့်သီဆိုပေးထားပါတယ်။ စမ်းသပ်ထုတ်လွှင့်မှုမှာလည်း ဆန်ဒရာရဲ့ ပုံရိပ်ကို စတင်ပြသခဲ့ပြီးနောက်မှာမှ ပ့ါခ်ဘွန်ကို တွေ့မြင်ခဲ့ရပါတယ်။ ဒီတေးအယ်လ်ဘမ်ဟာ လွန်ခဲ့တဲ့ ရှစ်နှစ်တာနီးပါး ကာလအတွင်း ပထမဆုံးအကြိမ် ပြန်လည်ထုတ်လွှင့်ပေးတဲ့ ပ့ါခ်ဘွန်ရဲ့ တေးသီချင်းသစ်လည်း ဖြစ်ပါတယ်။ နှစ်တွေကြာခဲ့သည့်တိုင် သူ့အပေါ်မှာ အခင်အမင်မပျက်ခဲ့တဲ့ ဆန်ဒရာကိုလည်း ပ့ါခ်ဘွန်က ကျေးဇူးတင်မိကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

"Spring" ရဲ့တေးဗီဒီယိုကိုတော့ လာမယ့် မတ် ၁၃ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး တေးအယ်လ်ဘမ်တစ်ခုလုံးကိုတော့ မတ် ၁၄ ရက်မှာ စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ ဒီတေးအယ်လ်ဘမ်မှာတော့ တေးသီချင်း သုံးပုဒ်ပါဝင်ပါတယ်။ ခေါင်းစီးတေးဖြစ်တဲ့ "Spring" မှာတော့ အခြားတေးသီချင်းနှစ်ပုဒ်ဖြစ်တဲ့ "My Lover" နဲ့ " Embarrassed " တို့ပါဝင်ကြကြောင်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

# STAR ACADEMY
## HOSPITALITY AND BUSINESS MANAGEMENT



လူငယ်လူရွယ်များအတွက် ဘဝအာမခံ ချက်ရှိသော
အသက်မွေးဝမ်းကျောင်းပညာရပ်များကို
အခြေခံပညာအထက်တန်းကို တတ်မြောက်ရုံဖြင့်
စတင်ရွေးချယ်တက်ရောက်နိုင်ပါပြီ

**MBA**
**Hospitality Management**

**DIPLOMA**
- International Hospitality Management
- Tourism Management (Inclusive Business)

**COURSES**
- Front Office Operation
- International Bakery & Pastry
- Bartending & Mixology
- Food & Beverage Service
- International Culinary
- Housekeeping Operation
- Hospitality English

**RECEIVE 10% SCHOLARSHIP**
available for all courses - enroll before April 4, 2019

09 7970 04988, 01 523200
info@staresources.com
star-resourcesacademy.com
@staracademy.edu
No. 267, R-202, Pyay Rd, Sanchaung, Yangon Near Dagon Centre 2

# METRO
IT & Japanese Language Centre

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် တက္ကသိုလ်တက်ရောက်နေသူများအတွက်
IT Engineer တစ်ယောက်အဖြစ် ရပ်တည်နိုင်ရန် ပြုစုပျိုးထောင်ပေးနေသည်

**Only One School in Myanmar**
*Japan Style Career Education*

ဂျပန်ဘာသာ IT အင်္ဂလိပ်ဘာသာ

① System Creator Course (2 years)
② Web Engineer Course (2 years)

**IT Course Seminar**
17 . March . 2019 (Sun)
1:00 pm ~ 3:00 pm
Metro IT & Japanese Language Centre
09-262007800
09-262007900

**2019 July Intake**
**တန်းခွဲသစ်အတွက်**
**ကျောင်းအပ်လက်ခံနေပါပြီ။**

- ဂျပန်နိုင်ငံ Nagasaki မြို့ရှိ Metro IT Business College မှတိုက်ရိုက်ချမှတ်ပေးသည့် IT ဘာသာရပ် သင်ရိုးညွှန်းတမ်းများအတိုင်း မြန်မာနိုင်ငံတွင် ပညာသင်စရိတ်ချိုသာစွာဖြင့် သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံမှ IT ပညာရှင်ဆရာများက ဦးစီး၍ အတွေ့အကြုံရှိ IT ပညာရှင် မြန်မာလူမျိုးဆရာ၊ ဆရာမများက IT ဘာသာရပ်များကို သင်ကြားပေးပြီး ဂျပန်ဘာသာရပ်နှင့် English ဘာသာရပ်များတွင်လည်း သင်ကြားရေးအသိအမှတ်ပြုလက်မှတ်ရ ဂျပန်လူမျိုး Native ဆရာများနှင့် အတွေ့အကြုံရှိ မြန်မာလူမျိုး ဆရာ၊ ဆရာမများက စနစ်တကျ သင်ကြားပေးနေသောသင်တန်းကျောင်း
- English ဘာသာဖြင့် သင်ကြားပို့ချပေးသည့် IT ပညာရပ်များကို လေ့လာရာတွင် အခက်အခဲမရှိစေရန် English ဘာသာရပ်ကိုလည်း စာသင်ချိန်များတွင် တွဲဖက်၍ သင်ကြားပေးနေသော သင်တန်းကျောင်း
- ဂျပန်နိုင်ငံ၏ IT ကုမ္ပဏီများတွင် IT Engineer များအဖြစ် အလုပ်အကိုင် ဝင်ရောက်နိုင်ရန်နှင့် ဂျပန်ကုမ္ပဏီများတွင် IT နှင့်ဆက်စပ်နီးနွယ်သော မိမိတို့ဝါသနာပါရာ အလုပ်အကိုင်များကို လုပ်ကိုင်နိုင်စေရန်ရည်ရွယ်၍ ဂျပန်ဘာသာရပ်ကိုလည်း ကျွမ်းကျင်စွာတတ်မြောက်သည်အထိ အခမဲ့ တွဲဖက်သင်ကြားပေးနေသော သင်တန်းကျောင်း
- ကျောင်းသားကျောင်းသူတစ်ဦးချင်းစီအား Continuous Assessments System ဖြင့်သင်ကြားအကဲဖြတ်ပေးပြီး သင်တန်းကာလအတွင်း ကျောင်းသား၏ Level နှင့်ကိုက်ညီသော IT Course များကို ပြောင်းလဲလေ့လာသင်ယူနိုင်ရန် စီမံထားသည့် သင်တန်းကျောင်း
- သင်တန်းကာလ ၂နှစ်တာပြီးမြောက်ချိန်တွင် ဂျပန်နိုင်ငံ Metro IT Business College မှ အသိအမှတ်ပြု Diploma အောင်လက်မှတ်ကို ရရှိနိုင်မည့်အပြင် ဂျပန်နိုင်ငံ၏ National Exam တစ်ခုဖြစ်သော ITPEC Exam ၏ IT အရည်အချင်းစစ် အင်ဂျင်နီယာအောင်လက်မှတ်များ (IP,FE) နှင့် တွဲဖက်သင်ကြားပေးသော ဂျပန်ဘာသာရပ်တွင်လည်း ဂျပန်နိုင်ငံအသိအမှတ်ပြု ဂျပန်ဘာသာ အရည်အချင်းစစ် (N5,N4,N3) Level အသီးသီးအောင်လက်မှတ်များ ရရှိပိုင်ဆိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေသောကျောင်း
- သင်တန်းကာလပြီးမြောက်ချိန်တွင် ကျောင်းသားများ၏ အရည်အချင်းအလိုက် အလုပ်အကိုင်လမ်းညွှန်မှု ( Job Guidance) နှင့် လုပ်ငန်းခွင်များသို့ အလုပ်အကိုင်ဝင်ရောက်စေရန် အလုပ်မိတ်ဆက်ပေးခြင်း (Job Intoduction ) များကို ဆောင်ရွက်ပေးနေသောကျောင်း

Room No(A,B,C,D), 3rd Floor, Kyaw Business Tower Condo,Pansodan Street (middle), Kyauktada Township, Yangon. Ph : 01-372691, 01-372610

### ရဟန်းဒါယကာကြီး
## ဦးငွေရ (ဗဟန်း ၂ လမ်း)
### အသက် (၈၁)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ အမှတ် (၄၁)၊ ခြောက်လွှာနေ ဒေါ်ခင်ညွန့်၏ခင်ပွန်း၊ (ဦးချစ်တင်-ဒေါ်အေးတင်)တို့၏ သား၊ (ဦးဘသွင်-ဒေါ်ကျင်ကျင်)၊ (ဒေါ်သိန်းသိန်း)၊ (ဦးစံအောင်-ဒေါ်အေးငွေ)တို့၏ မောင်၊ (ဒေါ်သန်းညွန့်)တို့၏ အစ်ကို၊ ကျိုက်လတ်မြို့နယ်နေ (ဦးဘဟန်)-ဒေါ်သိန်းရင်တို့၏ သားသမက်၊ ဦးလင်းထက်နိုင်-ဒေါ်ခင်ချိုဦးတို့၏ ဖခင်၊ မဆုလင်းရတီ၏ အဘိုးသည် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူး နေ့) နံနက် ၅း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်အုံးအုံး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့နေ (ဦးသာစိန်-ဒေါ်ရွှင်ကျင်)တို့၏ သမီး၊ ဦးခင်မောင်ဝင်း-(ဒေါ်ညွန့်ညွန့်)တို့၏ ညီမ၊ ဦးသိန်းဝင်း-ဒေါ်ခင်အုန်းရီ၊ ဦးရဲမြင့်-ဒေါ်ခင်မာကြည်၊ ဦးအောင်အောင်၊ ဦးဝင်းမော်-ဒေါ်ချိုချိုစိန်တို့၏ အစ်မသည် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀ နာရီတွင် အောင်ရတနာ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## Nu Cingh Khan Huai (Huai Bek)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၂၀၉-စီ)နေ ဦးမန်ပေါင် (အခွန်ဦးစီးမှူး-ငြိမ်း)၏ ဇနီး၊ မောင်ငိုဒါလ်း(တင်းနစ်နည်းပြ)၊ မောင်ဇမ်ဆွမ်မုန် (က-ည-န)၊ မကြိမ်မန်ဝုန်(ရောဝတီဘဏ်)၊ မဒိမ်ဆွမ်ဟွဲ (ပြည်တွင်းအခွန်)တို့၏မိခင် Nu Cingh Khan Huai (Huai Bek)သည် ၁၂-၃-၂၀၁၉ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်နှင့် ဗိုလ်မြတ်ထွန်းလမ်း ဘုရားကျောင်း YSBC တို့မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးမြင့်အောင်
### အသက် (၇၉)နှစ်

မကွေးမြို့ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး) မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏ မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမော်ဌေး(ဝန်ကြီး)**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးမြင့်အောင်
### အသက် (၇၉)နှစ်

မကွေးမြို့ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး) မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏ မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ(ညွှန်ကြားရေးမှူးရုံး)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ထိန်းသိမ်းရေး)၊ မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးမြင့်အောင်
### အသက် (၇၉)နှစ်

မကွေးမြို့ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး) မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏ မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မကွေး)နှင့်ဝန်ထမ်းများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ထိန်းသိမ်းရေး)၊ မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်အေးမြင့်အောင်
### အသက် (၇၉)နှစ်

မကွေးမြို့ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ထိန်းသိမ်းရေး) မှ ညွှန်ကြားရေးမှူး ဦးသောင်းထိုက်-ဒေါ်မြစန္ဒာမောင်မောင်တို့၏ မိခင်ကြီးသည် ၁၃-၃-၂၀၁၉ ရက်တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးစီးအရာရှိ ဒေါ်ဌေးဌေးဝင်းနှင့်ဝန်ထမ်းများ(လ/ထညွှန်မှူးရုံး)**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**(ထိန်းသိမ်းရေး)၊ မကွေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာအက်စတာတင်ထက်
### သားဖွားနှင့်မီးယပ်ဆရာဝန်ကြီး(ငြိမ်း)
### အသက်(၇၁)နှစ်

မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာ-အင်္ဂလိပ်အဘိဓာန်နှင့် အင်္ဂလိပ်-မြန်မာ အဘိဓာန်တည်းဖြတ်ရေး စာတည်းမှူးချုပ်၊ ပညာရေးတက္ကသိုလ်၊ အင်္ဂလိပ်စာပါမောက္ခ(ငြိမ်း)ဆရာကြီးဦးသီဟနှင့် (ဒေါ်ချိုချိုထက်)တို့၏ ချစ်လှစွာသောသမီးကြီး ဒေါက်တာအက်စတာတင်ထက်သည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန**

## ဒေါ်သိန်းမြင့် (B.A, R.A) (၉၄)နှစ်
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုစာရင်းရုံး

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ လမ်း(၅၀)၊ တိုက်(B)၊ အခန်း (၄၁၅)၊ လမ်း(၅၀) ကွန်ဒိုနေ (ဦးထွန်းတင်-ဒေါ်လုံးတင်)တို့၏သမီး၊ ဆရာမဒေါ်မြင့်ကြည်(အထက-၆၊ ဗိုလ်တထောင်-ငြိမ်း)၏အစ်မ၊ ဆရာမဒေါ်ဥမ္မာ၊ ဆရာမဒေါ်မိုးမဋ္ဌုတို့၏အဒေါ်၊ မြေး ငါးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁၀-၃-၂၀၁၉ ရက် ညနေ ၆း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါက်တာ ဒေါ်အက်စတာတင်ထက်
### သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး (ငြိမ်း)
### အသက် (၇၁) နှစ်

ရန်ကုန်မြို့နေ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာကြီးဦးသီဟ-(ဒေါ်ချိုချိုထက်) တို့၏သမီးကြီး၊ ပါမောက္ခ ဦးစောထူးဘော(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဦးထက်ကြူ-ဒေါ်အေးအေးထက်ဆွေ၊ Mr.Hiroyuki Suzuki-ဒေါ်ခင်ဌေးကြူ၊ ဒေါက်တာဦးသက်ကြူ-နော်ဂျမီးမ၊ သူရဦးအောင်မျိုးမြင့်-ဒေါ်သီတာကြူ၊ ဒေါ်နီလာကြူတို့၏ ချစ်လှစွာသောအစ်မကြီး၊ ဒေါက်တာစပယ်ထက်ထက်ထူး၊ စောဝါးအယ်ထူး ဘဆိုင်-နော်ယဉ်သွယ်ထူး၊ ဒေါက်တာစောမင်းထူး-မအေးစန္ဒာတို့၏ ချစ်လှစွာသော မိခင်ကြီး၊ စောသီအိုဝါးထက်ဆိုင်၊ စောဂျေဒင်ဝါးထက်ဆိုင်၊ စောအေရွန်မြတ်ထူးပိုင်တို့၏ ချစ်လှစွာသောအဘွားသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၁၀း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် အမှတ်(၁၄၅)၊ သစ်တောလမ်း၊ ပြင်ဦးလွင်မြို့ရှိ နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ပြင်ဦးလွင်မြို့ ရှစ်မိုင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အောက်မေ့ဘွယ် ဝတ်ပြုစည်းဝေးကို ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ပြင်ဦးလွင်မြို့နေအိမ်၌ ပြုလုပ်မည်ဖြစ်ပါကြောင်း မိသားစု ဆွေမျိုးမိတ်သင်္ဂဟအားလုံးသို့ အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးအောင်လင်း(ခ)တီယုတ်ပင်း
### အသက်(၆၆)နှစ်
### ဖြိုးစုအောင်စာရေးကိရိယာ (မင်္ဂလာဈေး)

ရန်ကုန်မြို့ လသာမြို့နယ်နေ (ဦးတီလိုင်ဝှက်-ဒေါ်အင်တင်)တို့၏ သားငယ်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးသန်းတင့်ဆွေ)-ဒေါ်ခင်လွှမ်းတို့၏ သားသမက်၊ တာမွေမြို့နယ်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၂၂/B)နေ ဒေါ်ဆွေဆွေဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ စင်ကာပူနိုင်ငံနေ Lee Yong Liang-မဖြိုးစုအောင် (ခေတ္တ-စင်ကာပူ)၊ မောင်ဇင်မင်းထွန်း၊ မသွန်းမှီမှီအောင်၊ မောင်အောင်ဟန်ဆင့်တို့၏ ချစ်လှစွာသော မွေးသဖခင်၊ မောင်သုခပြည့်စုံဖြိုး၏ အဘိုးသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမင်းစိန် (၆၅)နှစ်

တောင်ငူမြို့ မင်းညွှန့်ရိပ်သာ၊ ကန်လမ်းနေ (ဗိုလ်ကြီးမြမောင်)-ဒေါ်တင်ရီတို့၏ သား၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ (၂၅/၂)၊ ဇင်ယော်လမ်းနေ ဦးတင်မောင်-(ဒေါ်ကြည်)တို့၏ သားသမက်၊ ဦးမျိုးညွှန့်၏ညီ၊ ဒေါ်စန်းစန်းညွှန့်၊ ဒေါ်လှလှဝင်း၊ ဒေါ်ကြည်ကြည်ခိုင်၊ ကိုပြည်စိုး၊ ကိုဉာဏ်စိုး၊ မမြင့်မြင့်မိုး၊ မယဉ်ယဉ်ဝေတို့၏ အစ်ကို၊ ကိုဦးမောင်-မနွဲ့ရီဝင်း၊ ကိုအောင်ငွေထွေး-မသော်တာမင်းစိန်၊ မောင်စည်သူတို့၏ဖခင်၊ မချိုးမြတ်စန္ဒီ၊ မမြမှူးဟေသီတို့၏အဘိုး၊ ဒေါ်ခင်သန်းကြူ၏ ချစ်လှစွာသော ခင်ပွန်းသည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) မွန်းလွဲ ၂း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ပဲခူးတိုင်းဒေသကြီး၊ ဥဿမြို့သစ်၊ ရပ်ကွက်ကြီး (၆)၊ ဘုရင့်နောင်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်၊ အမှတ် (၁၈/၈၈) နေအိမ် သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်ခင်တိုး
### အသက်(၆၂)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက်နေ (ဦးလောတွမ်-ဒေါ်ညွှန့်မြိုင်)တို့၏ သမီးကြီး၊ ဒေါ်ခင်ရွှေ၊ ဒေါ်နွယ်နွယ်၊ ဒေါ်ကြည်ကြည်တို့၏ အစ်မ၊ မခင်စန်းလွင်၏ အဒေါ်၊ ဒေါ်စောနီလာချစ်၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်တိုးသည် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (လှိုင်သာယာမြို့နယ်၊ ၈ ရပ်ကွက်၊ ထီးလှိုင်အိမ်ရာဝင်း၊ တိုက်-၁၇၊ နေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၃-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးစိုး
### M.Sc (Chemistry)
### အသက် (၅၉)နှစ်

ရန်ကုန်မြို့ ရန်ကင်းမြို့နယ်၊ ပညာ့ဝတီကွန်ဒို၊ တိုက်(C)၊ အခန်း (၅၀၁)နေ [ဦးပြည်စိုး (ညွှန်ချုပ်-ငြိမ်း၊ မွေး/ရေဝန်ကြီးဌာန)-ဒေါ်သန်းသန်းဇင်]တို့၏ သမီး၊ ဦးမျိုးချစ်-ဒေါက်တာသင်းသင်းစိုးတို့၏ ညီမ၊ (ဦးမြတ်စိုး)-ဒေါ်သိင်္ဂီသောင်း၊ ဦးညီစိုးတို့၏ အစ်မ၊ ကိုလင်းထက်၊ ဒေါက်တာနှင်းပွင့်ဦး၊ မလှမြတ်စိုး၊ ကိုရဲခေါင်စိုးတို့၏ အဒေါ်သည် ၁၂-၂-၂၀၁၉ ရက် ၅း၂၅ နာရီတွင် ဘန်ကောက်မြို့ BNH ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ဘန်ကောက်မြို့၌ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အနိစ္စ

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ခင်လှ (ထားဝယ်)
### အသက်(၉၃)နှစ်

ထားဝယ်မြို့ ပိန္နဲတောရပ်နေ (ဦးစိန်အောင် - ဒေါ်ကျင်ဆွေ)၊ (ဦးသိန်းမြင့်-ဒေါ်ကျင်မေ)၊ (ဒေါ်ကျင်လှိုင်)တို့၏ ညီမ၊ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ ပါရမီလမ်းနေ (ဦးသိန်းယူ)-ဒေါ်တင်ကြည်တို့၏ အစ်မ၊ ဦးပိုင်ရှိ-ဒေါ်ကျင်ပွား၊ (ဦးဝင်း)-ဒေါ်မြသန်း၊ ဦးဘွန်စိန်-ဒေါ်သန်းသန်းအေး၊ ဦးသိန်းဝင်း-ဒေါ်ခင်ညို၊ ဦးစန်းလွင်-ဒေါ်စန်းစန်းအေး၊ ဒေါ်ချိုချိုစု၊ ဒေါ်နီနီစု၊ ဦးကျော်ကျော်-ဒေါ်စန္ဒာလွင်၊ ဦးညီညီနိုင်-ဒေါ်ရင်ရင်နိုင်တို့၏ အဒေါ်သည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၃-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

### မြိတ်မြို့နယ်အသင်း (ရန်ကုန်)
## ဒေါ်စန်းယု (မြိတ်)
### အသင်းဝင်အမှတ် (၈၉၈)
### အသက် (၆၄) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၀) လမ်း၊ အမှတ် (၂၅)၊ မြေညီထပ်နေ ဦးကြည်ဟို၏ ဇနီးသည် ၁၂-၃-၂၀၁၉ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့)တွင် ရေဝေး တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (မြိတ် အသင်းမှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့

## ဒေါ်စန်းယု (မြိတ်)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ အမှတ်(၂၅/A)၊ မြေညီထပ်၊ (၁၀) လမ်းနေ ဦးကြည်ဟို၏ ဇနီး၊ ကိုကျော်မိုးမင်း-မကင်ရအက်၊ ကိုပိုင်မိုးသူ၊ ဒေါက်တာချိုယုမွန်တို့၏မိခင်သည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့)တွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးကျော်ဇေယျာလွင်
### အသက် (၃၂)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ အမှတ် (၈၂၀/က)၊ သခင်ဖိုးလှကြီးလမ်းနေ ဦးမောင်မြင့်-ဒေါ်အေးအေးညွှန့်တို့၏ သား၊ ကိုရဲသီဟ-မမဋ္ဌုအောင်တို့၏ ညီ/မောင်၊ ကိုဟန်နိုင်ဇော်-မကျော့ဇာခြည်လင်းတို့၏ အစ်ကို၊ မနန္ဒာထက်အောင် (လက်ထောက်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန၊ ဖျာပုံမြို့နယ်)၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဗိုလ်ဗိုလ်ကျော်၏ဖခင်သည် ၁၁-၃-၂၀၁၉ (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင် (အကောက်)
### အသက်(၈၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နေ (ဦးခင်စိန်-ဒေါ်ကျင်ဟွား)တို့၏ သား၊ မြစ်ကြီးနားမြို့နေ (ဦးဘခင်-ဒေါ်သိန်းခင်)တို့၏ သားသမက်၊ ညောင်တုန်းမြို့နေ (ဒေါ်ယဉ်ယဉ်မြင့်)၏ မောင်၊ (ဦးတိတ်ရွှေ)-ဒေါ်ခင်ခင်ဝင်း၊ ဦးတိတ်လှိုင်-ဒေါ်ပြုံး၊ (ဦးသိန်းမြင့်)-ဒေါ်ကျင်ထွေး၊ (ဒေါ်ခင်ခင်မြင့်)၊ (ဦးဝင်းကြည်)-ဒေါ်ခင်ဝင်းမြင့်၊ ဦးအောင်စိုး-ဒေါ်စန်းစန်းမြင့် တို့၏ အစ်ကို၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၀၊ ချယ်ရီလမ်း၊ (ည/၂၀) (ဆည်းဆာကဖေး)နေ ဒေါ်တင်တင်ပု၏ ခင်ပွန်း၊ (ဦးကိုအေးလွင်)၊ ဒေါ်တင်မာလွင်၊ ဦးချိုအေးလွင်၊ (ဒေါ်မီမီခင်)၊ ဒေါ်သီသီခင်၊ ဦးညွှန့်လွင်-(ဒေါ်မီမီရင်)၊ ဒေါ်မော်မော်လွင်၊ ဒေါ်မိုးမိုးဆွေ၊ (ဦးမျိုးသက်ထွေး)တို့၏ မွေးသဖခင်၊ မြေး ၁၃ ယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) ည ၇း၃၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ၈ မိုင် ကုန်းဘောသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးလှထွန်း
### အသက်(၈၇)နှစ်
### B.Sc, B.L, B.C.S (Sr.Branch)
### ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်သိန်းကြွယ်)တို့၏ သား၊ (ဦးကြိုင်သာအောင်-ဒေါ်လှကြာဖံ)တို့၏ သားသမက်၊ (ဒေါ်စိန်မေ)၏ ခင်ပွန်း၊ (ဦးအေးထွန်း)၊ ဦးဝင်းတင် (ညွှန်ကြားရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန)-ဒေါ်မြသက်ကြူ (ရုပ်ရှင်မြင့်တင်ရေး-ငြိမ်း)၊ ဗိုလ်မှူးကြီးကျော်ဇံလှ(ငြိမ်း)၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)(ရာထူးဝန်အဖွဲ့)-ဒေါ်စန္ဒာထွန်း၊ ဒေါ်နွယ်နီဝင်းတို့၏ဖခင်၊ မောင်စိုးမိုးဦး၊ မောင်နိုင်ထွန်း၊ မခိုင်ဇင်ထွေး၊ မခိုင်ဦးဇံ၊ မရည်မွန်သန့်တို့၏အဘိုးသည် ၁၃-၃-၂၀၁၉ ရက် နံနက် ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမြင့်ကြိုင် (ကော့မှူး)
### အသက်(၇၀)
### ဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံအမှတ်(၁)(ငြိမ်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်နေ (ဦးထွန်းမောင်-ဒေါ်လှကြည်)တို့၏ သား၊ ရန်ကုန်မြို့ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ ရွှေခင်းသာမြို့ပတ်လမ်း၊ အမှတ်(၁၁၃၈)နေ ဒေါ်ခင်စန်း၏ မောင်၊ ဦးမြင့်သိန်း-ဒေါ်လှကျင်တို့၏ ညီ၊ ကိုကျော်စွာသွင် (E/O, MTM)-မမြသန္တာ၊ ကိုအောင်သူ၊ မစံပါယ် (ရိုးမဘဏ်)၊ မသီတာကျော်(ကမ္ဘောဇဘဏ်)တို့၏ မွေးသဖခင်၊ မောင်သီဟသွင်၊ မချမ်းပြည့်ပြည့်သွင်တို့၏အဘိုး ဦးမြင့်ကြိုင်သည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၅း၂၆ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ကျီစုအအေးတိုက်မှ ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်း ဒါယကာကြီး
## ဦးမြင့်စန်း (လမ်းမတော်)
### အသက် (၆၆) နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၅) ရပ်ကွက်၊ တိုက်အမှတ် (၅၃)၊ တတိယထပ်(ဝဲ)၊ (၁၁) လမ်း၊ အလယ်ဘလောက်နေ (ဦးမောင်မောင်-ဒေါ်ကျင်ပို့)တို့၏သား၊ (ဦးပိုက်တင်-ဒေါ်အေးစိန်)တို့၏ သားသမက်၊ ဒေါ်သန်းသန်းဌေး၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်လွင်ဦး၏ ချစ်လှစွာသောဖခင်ကြီး၊ ဒေါ်လွင်ကြည်၊ ဒေါ်ရီရီမြင့်တို့၏မောင်၊ ဦးတင့်အောင်၏အစ်ကိုကြီး ဦးမြင့်စန်းသည် ၁၂-၃-၂၀၁၉ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၁၉ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၃-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးမြစိုး
### အသက် (၆၂)နှစ်
### (သံတွဲ/တောင်ကုတ်)

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့ မာလာမြိုင်လမ်းနေ (ဦးစောမြအောင်-ဒေါ်စိန်စိန်)တို့၏ သားကြီး၊ (ဦးအောင်စိုး)၊ ဒေါ်မြတ်မြတ်စိုးတို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့ တာမွေမြို့နယ်၊ (၁၅၇)လမ်း၊ အမှတ်(၆၁)၊ မြေညီနေ ဒေါ်အမာစိန် (ထိပ်ထားရွှေစင်စိန်ရွှေရတနာနှင့် ပလက်တီနမ်ဆိုင်၊ ယုဇနပလာဇာ)၏ခင်ပွန်း၊ မောင်ငြိမ်းထက်၊ ကိုကိုဇင်-မြရတနာစိုး၊ မေပိုးဝါစိုးတို့၏ ချစ်လှစွာသောဖခင်၊ ထက်ဝတီဇင် (SORA)၏ ချစ်လှစွာသောဘိုးဘိုးသည် ၁၃-၃-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၅၀ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်၊ OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၉ ရက် ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၁၅ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၉ (အင်္ဂါ နေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်လှဲ့လှဲ့အေးခိုင်
### အသက်(၆၀)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ အမှတ်(၆၅)၊ မင်္ဂလာလမ်း၊ သုံးလွှာနေ [ဦးဖုန်းမြင့် (MEIC)-ဒေါ်ခင်တင့်]၏သမီး၊ ဒေါ်ပင်စီမြင့် (ကျောင်းဆရာမ-ငြိမ်း)၊ ဒေါ်စောသွဲ့ခိုင် (အထက-၁၊ စမ်းချောင်း-ငြိမ်း)၊ ဦးခိုင်ထွေး-ဒေါ်သူဇာမြင့် (တရားလွှတ်တော်ရှေ့နေ)၊ ဒေါက်တာသွယ်သွယ်ခိုင် (ခေတ္တ-အင်္ဂလန်)၊ [ဦးညီညီအေး(ခ) ဦးဇော်ဗလ]-ဒေါ်သင်းသင်းခိုင် (ခေတ္တ-ထိုင်း)၊ ဦးထွန်းလွင်-ဒေါ်နီလာခိုင်တို့၏ ညီမ၊ ဦးမောင်မောင်စိန်-ဒေါ်ဆွေဆွေမြင့်တို့၏ အစ်မသည် ၁၀-၃-၂၀၁၉ ရက် ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၆း၃၀ နာရီတွင် ထွက်ပါသည်။) ကျန်ရစ်သူမိသားစု

## အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်

**နေပြည်တော် မတ် ၁၃**

ယနေ့ မြန်မာစံတော်ချိန် ည ၈ နာရီ ၁၄ မိနစ် ၄ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၃၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့၏ အနောက်တောင်ဘက် ၁၁ မိုင်ခန့် အကွာ) မြောက်လတ္တီကျု ၂၃ ဒသမ ०၇ ဒီဂရီ၊ အရှေ့လောင်ဂျီကျု ၉၃ ဒသမ ၉၂ ဒီဂရီ၊ အနက် ၄၉ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း တိုင်းထွာရရှိပါသည်။ **မိုး/ဇလ**

## ဖူဆယ်လိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုအတွက် MIC နှင့် VUC အသင်း အပြိုင်ဖြစ်နေ

**ရန်ကုန် မတ် ၁၃**

၂၀၁၈-၂၀၁၉ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၁)ကို ယနေ့ နံနက်ပိုင်းမှစ၍ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ကျင်းပရာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် MIC အသင်းနှင့် VUC အသင်းတို့ နိုင်ပွဲရခဲ့သည်။ ပွဲစဉ် (၂၁) တွင် VUC အသင်းက PU အသင်းကို ၁၆ ဂိုး-ဂိုးမရှိ၊ MIC အသင်းက ရွှေမြဝတီအသင်းကို ၁၃ ဂိုး-နှစ်ဂိုး၊ UPT အသင်းက AMM အသင်းကို ငါးဂိုး-သုံးဂိုး၊ GV Athletic အသင်းက White Colour အသင်းကို ၁၉ ဂိုး-လေးဂိုး၊ မြို့မ YTD အသင်းက MFF ယူ-၁၉ အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး Comrade အသင်းနှင့် Titan XII အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၂၂) ကို မတ် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပမည်ဖြစ်သည်။ တစ်ပွဲသာကစားရန် လိုတော့သည့်အချိန်တွင် ၆၃ မှတ်ရထားသည့် MIC အသင်းနှင့် ရမှတ် ၆၀ ရထားသည့် VUC အသင်းတို့ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေပြီး ရမှတ်တူပါက ဂိုးကွာခြားချက်ဖြင့် ဆုံးဖြတ်မည်ဖြစ်သည်။

ပွဲစဉ် (၂၁) အပြီးတွင် MIC အသင်းက ၆၃ မှတ်၊ VUC အသင်းက ရမှတ် ၆၀၊ GV Athletic အသင်းက ၄၅ မှတ်၊ မြို့မ YTD အသင်းက ၃၉မှတ်၊ UPT အသင်းက ၃၃ မှတ်၊ AMM အသင်းက ၂၇ မှတ်၊ ရွှေမြဝတီအသင်းက ၂၄ မှတ်၊ Comrade အသင်းက ၁၈ မှတ်၊ Titan XII အသင်းက ၁၇ မှတ်၊ MFF ယူ-၁၉ အသင်းက ၁၅ မှတ်၊ White Colour အသင်းက ၁၄ မှတ်၊ PU အသင်းက ၁၃ မှတ်ရထားသည်။ **ရှိုင်းထက်ဇော်**



## ကယားပြည်နယ်တွင် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေး သဘာဝကျောက်လိုဏ်ဂူများ ရှာဖွေဖော်ထုတ်လျက်ရှိ

**လွိုင်ကော် မတ် ၁၃**

ကယားပြည်နယ်တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်မည့် ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်နိုင်ရေးအတွက် သဘာဝကျောက်လိုဏ်ဂူများ ရှာဖွေဖော်ထုတ်ခြင်းကို ပြည်ပပညာရှင်များနှင့် ပူးပေါင်းကာ ဆောင်ရွက်လုပ်ကိုင်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (လွိုင်ကော်ရုံးခွဲ) မှ သိရသည်။

ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(လွိုင်ကော်ရုံးခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းဇော်ထွဋ်က "ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ ရည်ရွယ်ပါတယ်၊ ကယားပြည်နယ်ထဲမှာ သဘာဝလိုဏ်ဂူတွေ အများကြီးရှိပေမယ့် လာရောက်လည်ပတ်မယ့် ခရီးသွားတွေ အန္တရာယ်ကင်းဖို့အတွက် ပြည်ပပညာရှင်တွေနဲ့ ရှာဖွေဖော်ထုတ်တာပါ။ ခုလက်ရှိမှာတော့ ထီးပရူနူဂူမှာ ခရီးသွားလုပ်ငန်းစတင်ဖို့

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❒

## ပိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲတွင် အား/ကာသိပ္ပံ၊ မြဝတီနှင့် တက္ကသိုလ်အသင်း နိုင်ပွဲရရှိ



အား/ကာသိပ္ပံနှင့် ချင်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် မတ် ၁၃**

၂၀၁၉ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ပထမအဆင့်(ပထမနေ့)ကို ယနေ့ညနေပိုင်းက စတင်ကျင်းပရာ အား/ကာသိပ္ပံ၊ မြဝတီနှင့် တက္ကသိုလ်အသင်းတို့ နောက်တစ်ဆင့် တက်ရောက်သွားသည်။

**အောင်ဆန်းကွင်း**

**အား/ကာသိပ္ပံ - နှစ်ဂိုး**

**ချင်းယူနိုက်တက် - တစ်ဂိုး**

ယခုရာသီတွင် ရှုံးထွက်ပြိုင်ပွဲ၌ ရလဒ်ကောင်းရယူနိုင်ရန် မျှော်မှန်းထားသည့် ချင်းယူနိုက်တက်အသင်းသည် ပထမအဆင့်မှာပင် ရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှ စောစီးစွာ ထွက်ခဲ့ရသည်။ ပထမတန်း ရာသီဝက်ချန်ပီယံ အား/ကာသိပ္ပံအသင်းသည် ယခုပွဲတွင်လည်း ပုံစံကောင်းပြသနိုင်ခဲ့ပြီး နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နောက်တစ်ဆင့် တက်ရောက်ရေးအတွက် နှစ်သင်းစလုံး လူစုံထုတ်ကစားခဲ့ပြီး အား/ကာသိပ္ပံအသင်းသည် ချင်းယူနိုက်တက်အသင်း၏ အားနည်းချက်ကို အသုံးချကာ တိုက်စစ်ဆင်ခဲ့သည်။ ချင်းယူနိုက်တက်အသင်းသည် ဖိကစားနေသော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့် မဖန်တီးနိုင်ဘဲ ၂၂ မိနစ်တွင် အား/ကာသိပ္ပံ အသင်းက ဂိုးစရခဲ့သည်။ ယင်းဂိုးကို ပယ်နယ်တီမှတစ်ဆင့် ပြည့်မောင်မောင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ၂၈ မိနစ်တွင် ချင်းယူနိုက်တက်အသင်း ချေပဂိုး ပြန်ရနိုင်သည့်

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖

**ကြေးမုံ သတင်းအညွှန်း**

**မှုခင်းကျဆင်းရေး မဟာဗျူဟာများနှင့် နည်းဗျူဟာများ စတင်ဆောင်ရွက်နေပြီဖြစ်**

လွှတ်တော်ရေးရာ စာမျက်နှာ » ၆

**ခိုင်မာမှန်ကန်သည့် မြေယာဆိုင်ရာအချက်အလက်များ ရရှိရေး အဆင့်လိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

လွှတ်တော်ရေးရာ စာမျက်နှာ » ၇

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမှန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ဤအထက်တန်းကျောင်းကြီးတွင် တက်ရောက်နေသူ ဘော်ဒါကျောင်းသား/သူများနှင့် DAY ဘော်ဒါများ အားလုံး
■ နံနက် ၇:၃၀ နာရီ မှ ၁၂:၁၅ နာရီအထိ ကျောင်းတက်ချိန်။
■ ၁၂:၁၅ မှ ၁:၀၀ နာရီအထိ နေ့လယ်စာ ထမင်းစားချိန် ခေတ္တနား။
■ နေ့လယ် ၁:၀၀ နာရီ မှ ၅:၃၀ နာရီအထိ ဝါရင့် ကျွမ်းကျင် GUIDE ဆရာ(၆)ဦးနှင့် GUIDE အချိန်။
■ ညနေ ၆:၀၀ နာရီ မှ ၇:၃၀ နာရီအထိ သီးခြား ဝါရင့် ကျွမ်းကျင် GUIDE တစ်ဖွဲ့နှင့် ထပ်မံ GUIDE လုပ်ပြီး၊ တစ်နေ့တာ လေ့ကျင့်ခန်းများ ပြီးစီးအောင် လုပ်ချိန်။
■ ည ၈:၃၀ မှ ၁၀:၃၀ နာရီအထိ စာ အရကျက်ချိန်။
ပညာရေး အဆင့်မြင့် ဝန်းသွင်းဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
ခြံအမှတ် ၂၈(A)+၂၈(B)၊ ဘုရင့်ညီတော်အိမ်ရာ၊ (ORANGE SUPER MART)နှင့်ကပ်လျက်
ဖုန်း- ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉ ၄ ၂၀၀၃၀၇၂၇၊ ၀၉ ၅၀၂၄၀၄၁၊ ၀၉ ၄၅၆၇၆၂၅၄၅
ဆရာမ ဒေါ်ကြည်ကြည်တင် M.Sc(Final)
အတုမရှိ၊ အတူမရှိ ပညာရေးအင်အား
မြန်မာစာ-ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ်စာ-ဆရာနေအုပ်(စိန်ပေါလ်) -ဂုဏ်ထူးဦးအောင်ခိုင်
သင်္ချာ-ဒေါက်တာညီညီ(Ph.D)
ရူပဗေဒ-ဒေါက်တာထွန်းခင်
ဓာတုဗေဒ-ဆရာ ဇော်လင်းအောင်
ဇီဝဗေဒ-ဒေါက်တာ ဇီဝ(Dr. ညီညီနိုင်)
ဘောဂဗေဒ-စိုင်းစိန်မြင့်အောင်
စာစီစာကုံးတန်းများ
နွေမြန်မာစာ
၈၊ ၉၊ ၁၀ သင်ရိုးကုန်တန်းခွဲများ
မတ်လ (၉) ရက် ဖွင့်မည်။
ဂုဏ်ထူးမြန်မာစာ နည်းပြ
ဖုန်း- ၀၉ ၅၀ ၁၂၆၁၁၊ ၀၉ ၄၅၀ ၀၅၅ ၀၅၂